၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group

Issue No. 703 MARCH 29, 2009

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**

**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## ရွေးကောက်ပွဲအပါအဝင် မြန်မာ့အရေးကိစ္စများကို အီးယူ–အင်ဒိုနီးရှားဆွေးနွေး

**VOA ၊ မတ်လ ၂၆ ။** ။ ဥရောပသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Piero Fassino ဟာ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Hassan Wirayuda နဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့လာမယ့် ၂၀၁၀ ရွေးကောက်ပွဲအခြေအနေ အလားအလာတွေ အပေါ် အမြင်သဘောထားတွေ အပြန်အလှန်ဖလှယ်ခဲ့ကြတယ်လို့ဆိုပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ အားလုံးပါဝင်ခွင့်ရပြီး အများက ယုံကြည်လက်ခံကြဖို့ အရေးကြီးတယ်လို့ နှစ်ဖက်စလုံးက လက်ခံဆွေးနွေးခဲ့ကြပါတယ်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး Mr. Wirayuda နဲ့ Mr.Fassino တို့ ဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး စီးပွားရေး လူမှုရေးအကြောင်းအရာ အတော်များများကို မနေ့က အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးရုံးမှာဆွေးနွေးခဲ့ရာမှာ ၂၀၁၀ ရွေးကောက်ပွဲကိစ္စဟာ အဓိကအကြောင်းတရပ်ဖြစ်ခဲ့ပါတယ်။ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံအခြေအနေအပေါ်အမြင်၊ အင်ဒိုနီးရှားဘက်ကအမြင်၊ ချဉ်းကပ်မှုစသဖြင့် နှစ်ဖက် အပြန်အလှန်ပြောဆိုဖလှယ်ဖြစ်တယ်လို့ Mr.Wirayuda ရဲ့ ပြောခွင့်ရ Teuku Faizashar က ပြောပါတယ်။

"အင်ဒိုနီးရှားအနေနဲ့ မြန်မာနိုင်ငံပြဿနာတွေကိုဘယ်လိုမြင်တယ်၊ ဘယ် လိုမျိုးချဉ်းကပ်နေတယ်ဆိုတာတွေကို ရှင်းပြခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီးတော့ နှစ်နိုင်ငံအကြားဆက်ဆံပြီးပြောဆိုတာရော၊ အာဆီယံထဲမှာအများနဲ့ပြော ဆိုတာရော၊ ကုလသမဂ္ဂခေါင်းစဉ်အောက်မှာ ပြောတာရောရှိပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဒီမိုကရေစီဖြစ်ထွန်းရေးကိစ္စ တခုတည်းမှာတင်မဟုတ်ဘဲနဲ့ မြန်မာပြည်သူတွေရဲ့စီးပွားရေးအကျပ်အတည်း နာဂစ်မုန်တိုင်းနောက်ပိုင်းအခြေအနေ၊ ဒါတွေအားလုံးကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။"

ဥရောပသမဂ္ဂအထူးကိုယ်စားလှယ် Mr. Fassino ဟာ အာဆီယံအတွင်း ထိုင်းနဲ့အင်ဒိုနီးရှားနိုင်ငံကိုသွားရောက်ခဲ့တာပါ။ ထိုင်းဟာမြန်မာ့အိမ်နီးချင်းဖြစ်သလို မြန်မာနိုင်ငံကပြဿနာတွေနဲ့ တိုက်ရိုက်ကြုံတွေ့နေရတာမို့ ထိုင်းရဲ့အမြင်ကိုသွားရောက်နားထောင်တာဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံကတော့ မြန်မာ့အရေးဖြေရှင်းမှုမှာ အာဆီယံထဲအရေးပါတဲ့နိုင်ငံတနိုင်ငံဖြစ်တာမို့ သွားရောက်ခဲ့တာလို့ Mr.Fassino ရဲ့ပြောခွင့်ရသူ Mr.Ugo Papi ကပြောပါတယ်။

"အင်ဒိုနီးရှားနိုင်ငံဟာ အာဆီယံထဲမှာ မြန်မာ့အရေးပြဿနာကို ဖြေရှင်းလိုတဲ့နိုင်ငံဖြစ်သလို

## အမေရိကန်အရာရှိ လွှတ်တော်ကိုယ်စားပြုကော်မတီနှင့်ဆွေးနွေး

**NEJ ၊ မတ်လ ၂၆ ။** ။ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန အရှေ့တောင်အာရှဆိုင်ရာညွှန်ကြား ရေးမှူး Stephen Blake သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် မတွေ့ဆုံမီ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ CRPP နှင့် တိုင်းရင်းသားပါတီများမှကိုယ်စားလှယ် ၃ ဦးနှင့်လည်း ရန်ကုန်မြို့တနေရာတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရွေးကောက်ပွဲနှင့်ပတ်သက်သောကိစ္စများ၊ CRPP ၏အကြောင်း၊ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများနှင့်စပ်လျဉ်းသည့် အမေရိကန်သဘောထားနှင့် စီးပွားရေးပိတ်ဆို့မှုအပြောင်းအလဲရှိလာပါက တိုင်းရင်းသားအဖွဲ့များ၏သဘောထား စသည်တို့ကို အဓိကထားဆွေးနွေးခဲ့ ကြသည်ဟု အဆိုပါဆွေးနွေးပွဲသို့တက်ရောက်ခဲ့သူ CRPP အထွေထွေအတွင်းရေးမှူးဦးအေးသာအောင်ကပြောပါသည်။

"CRPP ဘယ်လိုဖွဲ့စည်းတယ်၊ CRPP ရဲ့ရည်ရွယ်ချက်ကဘာ၊ နောက် ဘယ်လိုလှုပ်ရှားခဲ့တယ်၊ အဲဒါတွေကိုအကုန်ရှင်းပြတာပေါ့။ နောက် ၂၀၁၀ ရွေးကောက်ပွဲအပေါ်မှာ CRPP ရဲ့သဘောထား၊ တိုင်းရင်းသားပါတီတွေရဲ့သဘောထား၊ အဲဒါတွေကိုရှင်းပြခဲ့တာ။ CRPP ဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီတွေကို စစ်အစိုးရကနေ အာဏာလွှဲပြောင်းမှုမလုပ်တဲ့အတွက် နောက်ဆုံး ၁၉၉၈ မှာ CRPP ကိုဖွဲ့လိုက်ရတဲ့အကြောင်း၊ CRPP

ဒီမိုကရေစီအသွင်ကူးပြောင်းရေး တိုးတက်မှုမြင်ရလျှင် ပိတ်ဆို့အရေးယူမှုလျှော့မည်ဟု အီးယူပြော
**စာမျက်နှာ ၃**

ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားခြင်းသည် နအဖ က ဥပဒေချိုးဖောက်တာဖြစ်
**စာမျက်နှာ ၃**

ICRC ကို ထောင်များ စစ်ဆေးခွင့်ပြုရန် လူ့အခွင့်အရေးကော်မရှင် တောင်းဆို
**စာမျက်နှာ ၅**

မြန်မာ့တိုင်းရင်းဆေး အချို့တွင် ခဲနှင့် အာဆင်းနစ် အဆိပ်ဓာတ်ပါဝင်
**စာမျက်နှာ ၁၂**

ကရင်အမျိုးသားအစည်းအရုံးအား ဖျောင်းဖျရန် ထိုင်းအစိုးရက နအဖနှင့်သဘောတူ
**စာမျက်နှာ ၁၇**

VOB

# အာဘော်

## မြန်မာပြည်ဆိုင်ရာအမေရိကန်ပေါ်လစီသစ်

အမေရိကန်ပြည်ထောင်စုတွင် သမတ ဘာရက်အိုဘားမားတက်လာပြီးနောက် နိုင်ငံခြားရေးပေါ်လစီကို စတင်ပြောင်းလဲရန်ခြေလှမ်းများလှမ်းနေပြီဖြစ်သည်။ သမတ အိုဘားမားသည် အာရှဆိုင်ရာပေါ်လစီကို အဓိကထားကိုင်တွယ်မည်ဆိုသည်ကို ၄င်း၏နိုင်ငံခြားရေးဝန်ကြီးအား အာရှနိုင်ငံများသို့ ပထမဦးဆုံးနိုင်ငံခြား ခရီးအဖြစ်စေလွှတ်လိုက်ခြင်းက ပြသနေသည်။

မြန်မာ့အရေးနှင့်ပတ်သက်၍လည်း သမတအိုဘားမားသည် အလေးထားသည်ကိုတွေ့ရသည်။ မြန်မာပြည်ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် အမေရိကန်ပြည်ထောင်စု၏ ချဉ်းကပ်ပုံကို ပြောင်းလဲရန် သက်ဆိုင်ရာနိုင်ငံခြားရေးဌာနအရာရှိများ ဒေသတွင်း နိုင်ငံများ၊ နအဖစစ်အုပ်စု၊ မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လာခဲ့သည်။ ယခင်သမတဘုရှ်ကျင့်သုံးခဲ့သည့်ပေါ်လစီသည် မြန်မာပြည်၌ အပြောင်းအလဲဖြစ်စေသည်အထိ မအောင်မြင်ခဲ့သော်လည်း အတိုင်းအတာတခုအထိ ထိရောက်မှုရှိခဲ့သည်။

အစိုးရအဖွဲ့သစ်၊ ခေါင်းဆောင်သစ်အပြောင်းအလဲဖြစ်လျှင် ပေါ်လစီနှင့် ချဉ်းကပ်ပုံများပြောင်းလဲလေ့ရှိသည်မှာ သဘာဝပင်ဖြစ်သည်။ သို့သော်လည်း ထိပ်တန်းဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့်အတွက် ယခင်သမတ လက်ထက်ကျင့်သုံးခဲ့သည့်မူဝါဒများနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်မည်မဟုတ်ဆိုသည်မှာ သေချာသည်။ သို့သော် ချဉ်းကပ်ပုံပြောင်းလဲမည်ဖြစ်သည်။ ဤသည်ကိုလည်း အမေရိကန်အရာရှိများက အတိအလင်းဆိုထားပြီးဖြစ်သည်။ သို့ဆိုလျှင် မည်သို့သောနည်းလမ်းသည် မြန်မာပြည်အပြောင်းအလဲဖြစ်လာရေးအတွက် အဓိကအင်အားဖြစ်လာမည်လည်းဆိုသည်ကို အခြေခံထားစဉ်းစားရမည်ဖြစ်သည်။ မြန်မာပြည်အပေါ်ချမှတ်ထားသည့် စီးပွားရေးပြစ်ဒဏ်ခတ်မှုများကို ပြန်လည်သုံးသပ်ကာ နအဖစစ်အာဏာရှင်များနှင့် ၄င်းတို့၏ထောက်တိုင်များကို ပိုမိုအထိနာစေမည့် သီးခြားပစ်မှတ်ထားပြစ်ဒဏ်ခတ်အရေးယူမှုများကို ပြုလုပ်မည့်သဘောမျိုးကို အမေရိကန်တို့ပြောဆိုလျက်ရှိသည်။ တချိန်တည်းမှာပင် စစ်အာဏာရှင်စနစ်ကြောင့် ဒုက္ခခံစားနေရသည့်မြန်မာပြည်သူများအတွက် သက်သာရာရစေမည့် အကျိုးရှိစေမည့် အကူအညီများကို အမေရိကန်တို့ပြန်လည်ပေးဖို့ရာရှိသည်။

နအဖနှင့်အပေါင်းအပါများကို အမှန်တကယ်ထိရောက်စေသည့်နည်းလမ်းမှာ ၄င်းတို့ပိုင်ဆိုင်မှုများကို လုံးဝချုပ်ကိုင်ထားရေးနှင့် ငွေကြေးဆိုင်ရာထိန်းချုပ်မှုများကို ပိုမိုတင်းကျပ်စွာဖြင့် ကိုင်တွယ်ရေးပင်ဖြစ်သည်။ ထိုမျှမကသေး ၄င်းတို့နှင့်သက်ဆိုင်သည့် ဆက်နွယ်နေသည့်သူများ၊ အဆက်အဆံပြုနေသည့် စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ငွေကြေးနှင့်ဗီဇာကန့်သတ်ပိတ်ပင်ခြင်းများကိုလည်း လုံးဝအလျှော့မပေးပဲ ပြုလုပ်ရမည်ဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်း၏ ရည်ရွယ်ချက်မှာ နအဖနှင့်၄င်းတို့၏အသိုင်းအဝိုင်းအဆက်အနွယ်များ၏ လုပ်ကိုင်လှုပ်ရှားမှုနယ်ပယ်ကျဉ်းမြောင်းသွားစေရန်ထိန်းချုပ်လိုက်ခြင်းဖြစ်သည်။ စစ်အာဏာရှင်များသည် ၄င်းတို့အထိနာလျှင် အတိအလင်းထုတ်ဖော်ပြောတတ်သူများဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတကာအလယ်၌ မြန်မာနိုင်ငံအား စီးပွားရေးပြစ်ဒဏ်ခတ်ထားခြင်းအား ရုပ်သိမ်းပေးရန် အတိအလင်းတောင်းဆိုနေခြင်းဖြစ်သည်။ ထို့ကြောင့် အမေရိကန်တို့အနေဖြင့် ပြစ်ဒဏ်ခတ်ရေးပေါ်လစီကို အခိုင်အမာဆက်လက်ကိုင်စွဲထားပြီး မြန်မာပြည်သူလူထုအတွက် အလဟဿမဖြစ်စေမည့် ကူညီထောက်ပံ့ရေးပေါ်လစီကို ကျင့်သုံးသင့်သည်ဟု ဆိုလိုက်ရပါသည်။

## ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားများ အဖွဲ့ချုပ်ရုံးတွင် ကျင်းပ

**DVB ၊ မတ်လ ၂၇ ။** ။ ဒီနေ့ ၆၄ နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားတွေကို မြန်မာ့ဒီမိုကရေစီ အင်အားစုတွေက ရန်ကုန်မြို့မှာ ကျင်းပကြပါတယ်။

ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဌာနချုပ်ရုံးမှာ မွန်းလွဲ ၁၂ နာရီခွဲစတင်တဲ့ အခမ်းအနားကို အဖွဲ့ချုပ်ဝင်တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်တွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ နိုင်ငံရေးအဖွဲ့အစည်း ခေါင်းဆောင်တွေနဲ့ နိုင်ငံခြားသံတမန်တွေ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ပါတယ်။ အခမ်းအနားမှာ မြန်မာ့လွတ်လပ်ရေးကို အရယူခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ မျိုးချစ်တပ်မတော်သားအပေါင်းကို အောက်မေ့ကြောင်း ပြောကြားကြပြီး ဒီနေ့တပ်မတော်လည်း မြန်မာ့နိုင်ငံရေး ပြဿနာတွေ ပြေလည်စေရေးအတွက် နိုင်ငံရေးအင်အားစုအားလုံး ပါဝင်နိုင်တဲ့ တွေ့ဆုံဆွေးနွေးရေးပွဲတွေ ဖော်ဆောင်ဖို့တိုက်တွန်းပြောကြားကြပါတယ်။

ဒီအခမ်းအနားမှာထုတ်ပြန်တဲ့ အဖွဲ့ချုပ် ကြေညာချက်မှာ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး အပါအဝင်နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ဖို့၊ နိုင်ငံတဝန်း ချိပ်ပိတ်ထားတဲ့ အဖွဲ့ချုပ်ရုံးတွေကို ပြန်ဖွင့်ခွင့်ပြုဖို့နဲ့ လွတ်လပ်စွာစည်းရုံးခွင့်ပြုဖို့၊ ဖျက်သိမ်းထားတဲ့ ရွေးကောက်ပွဲအနိုင်ရပါတီတွေ ပြန်လည်မှတ်ပုံတင်ခွင့်ပြုဖို့ နအဖကို တောင်းဆိုထားပါတယ်။ အဖွဲ့ချုပ်ဗဟိုအလုပ်မှုဆောင်ဦးဝင်းတင်က လွန်ခဲ့တဲ့ အနှစ် ၆၀ ကျော်ကာလက တပ်မတော်ကို ဒီနေ့ဒီအချိန်အထိ ချီးမွမ်းတသနေရသလို ဒီနေ့တပ်မတော်ဟာလည်း နောင်အနှစ် ၆၀ ကျော်ကာလမှာ ချီးမွမ်းတသခြင်း မခံရမှာကို စိုးရိမ်ပါတယ်လို့ ပြောကြားပါတယ်။

"ဒီနေ့ဒီအခါတွေ ကျနော်တို့မမေ့ဘဲနဲ့ ပြောနေတဲ့ပုံသဏ္ဍာန်တွေအတိုင်းပဲ တပ်မတော်နဲ့ပတ်သက်လို့ တပ်မတော်ရဲ့စွမ်းဆောင်မှုနဲ့ပတ်သက်လို့ လာမယ့်နှစ်ပေါင်း လေးငါးခြောက်ဆယ်မှာလည်း အလားတူပဲ ပြောဆိုဆွေးနွေးပြီးတော့ လွမ်းတတဲ့ အခြေအနေရှိဖို့ကောင်းတယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ အခုလက်ရှိ တပ်မတော်အင်အားစုများ၊ တပ်မတော်ခေါင်းဆောင်များ၊ ပြုလုပ်နေသလို တိုင်းပြည်ကို ဖိနှိပ်မယ်၊ ချုပ်ချယ်မယ်၊ တပ်မတော်ဟာ တိုင်းပြည်ကို ဖိနှိပ်ချုပ်ချယ်တဲ့ ယန္တရားတခုအနေနဲ့ အသုံးချခံနေတဲ့အနေအထားကနေ လွတ်မြောက်ခြင်း မရှိဘူးဆိုရင် လာမယ့်နှစ်ပေါင်းများစွာအတွင်းမှာ တပ်မတော်နဲ့ပတ်သက်ပြီးတော့ ပြောမဲ့စကားဟာ ဒီနေ့လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်ကျော်က ဖက်ဆစ်တော်လှန်ရေးကို အကြောင်းပြုပြီး တပ်မတော်ရဲ့အခန်းကဏ္ဍတွေကို ကျနော်တို့ ချီးချီးမွမ်းမွမ်း လွမ်းလွမ်းတတ ပြောသလိုဟာမျိုးမဟုတ်ဘဲနဲ့ လာမယ့် နှစ်ခြောက်ဆယ်ကာလအထိ ဒီနေ့တပ်မတော်ရဲ့ဆောင်ရွက်ချက်များ၊ လုပ်ငန်းများ၊ လှုပ်ရှားမှုများ၊ လုပ်ကိုင်ဆောင်ရွက်မှုများနဲ့ပတ်သက်လာရင်တော့ ဒီလိုလွမ်းဆွတ်တသတဲ့ ပုံသဏ္ဍာန်မျိုး ချီးချီးပပ ချီးချီးမွမ်းမွမ်း ပြန်လည်လွမ်းတတဲ့ ပုံသဏ္ဍာန်မျိုးရှိနိုင်မယ့် အနေအထားမရှိမှာကို ကျနော်တို့အများကြီးစိုးရိမ်ပါတယ်။"

"အဲ့အတွက်ကြောင့် ဒီနေ့ဒီအခါမှာ တပ်မတော်သားတွေအနေနဲ့ မိမိတို့တပ်မတော်အတွင်းမှာ ဘယ်လိုများ ဘယ်သူတွေက ကြီးစိုးပြီး၊ ဘယ်သူတွေကချယ်လှယ်ပြီးတော့ ဘယ်လိုသဘောတရားတွေ သွတ်သွင်းပေးပြီးတော့ ပြည်သူနဲ့ကင်းကွာအောင် လုပ်နေသလဲဆိုတာတွေကို ပြန်လည်ဆင်ခြင်သုံးသပ်ကြမိလိမ့်မယ်လို့ ကျနော်မျှော်လင့်တယ်။ ပြန်လည်သုံးသပ်မိပါစေလိုလည်း ကျနော်ကတော့ ဆုမွန်တောင်းနေပါတယ်။"

ရခိုင်တိုင်းရင်းသားခေါင်းဆောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ

စာမျက်နှာ ၁၁ သို့

# ဒီမိုကရေစီအသွင်ကူးပြောင်းရေးတိုးတက်မှုမြင်ရလျှင် ပိတ်ဆို့အရေးယူမှုလျှော့မည်ဟုအီးယူပြော

**RFA ၊ မတ်လ ၂၅ ။ ။** မြန်မာနိုင်ငံမှာဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာတိုးတက်မှုတွေ တွေ့မြင်ရတယ်ဆိုရင် အီးယူ–ဥရောပသမဂ္ဂနိုင်ငံများအနေနဲ့ မြန်မာစစ်အစိုးရအပေါ် စီးပွားရေးပိတ်ဆို့အရေးယူထားတာကို လျှော့ပေါ့သွားနိုင်တယ်လို့ အီးယူရဲ့မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်က ဒီကနေ့မတ်လ ၂၅ ရက်မှာပြောဆိုလိုက်ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ ဒီမိုကရေစီအင်အားစုတွေအပေါ် ကန့်သတ်ချုပ်ချယ်ထားတာတွေကို စစ်အစိုးရကလျှော့ပေါ့မယ်ဆိုရင် အီးယူရဲ့အဆုံးအဖြတ်ပေးရာ အဓိကအဖွဲ့အစည်းဖြစ်တဲ့ ဥရောပကောင်စီကလည်း စစ်အစိုးရအပေါ်ပိတ်ဆို့အရေးယူထားတာတွေ လျှော့ပေါ့ဖို့မဲပေးဆုံးဖြတ်နိုင်တယ်လို့ မြန်မာနိုင်ငံဆိုင်ရာအီးယူအထူးကိုယ်စားလှယ် Piero Fassino ကပြောလိုက်ပါတယ်။

မိမိတို့မျှော်မှန်းရာဆီကို မြန်မာအစိုးရကဦးတည်လျှောက်လှမ်းလာတာတွေ့ရတယ်ဆိုရင် ပိတ်ဆို့တာတွေဆိုင်းငံ့ထားဖို့ အစဉ်သင့်ဘဲဆိုတာ ဥရောပကောင်စီကအကြိမ်ကြိမ်ပြောဆိုခဲ့ပါတယ်။ တကယ့်စစ်မှန်တဲ့ ဒီမိုကရေစီပေါ်ပေါက်လာမယ့် အပြုသဘောအပြောင်းအလဲတွေဖြစ်လာတယ်ဆိုရင် မိမိတို့အနေနဲ့လည်း မြန်မာအပေါ် ကိုင်တွယ်ဆောင်ရွက်ပုံတွေပြောင်းလဲဖို့ နောက်လထဲမှာဆုံးဖြတ်ဖို့ရှိပါတယ်လို့ Piero Fassino ကပြောပါတယ်။

ဥရောပကောင်စီရဲ့နိုင်ငံခြားဆက်ဆံရေးကောင်စီဟာ မြန်မာအပေါ်စီးပွားရေးပိတ်ဆို့မှုနဲ့ပတ်သက်ပြီး လာမယ့် ဧပြီလကုန်ပိုင်းမှာဆွေးနွေးကြမှာဖြစ်ပါတယ်။

မြန်မာစစ်အစိုးရအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲဥပဒေတွေကို မျှတအောင်ပြုပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်မှသာ ၂၀၁၀ ရွေးကောက်ပွဲဟာ လွတ်လပ်မျှတတယ်လို့ အီးယူကအသိအမှတ်ပြုမှာဖြစ်ကြောင်း၊ အတိုက်အခံခေါင်းဆောင်တွေအကျဉ်းကျနေသမျှ လွတ်လပ်မျှတတဲ့ရွေးကောက်ပွဲ ဖြစ်နိုင်မှာမဟုတ်ကြောင်း Piero Fassino ကပြောလိုက်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ အီးယူအထူးကိုယ်စားလှယ် Piero Fassino ဟာအင်ဒိုနီးရှားနိုင်ငံမှာ နိုင်ငံခြားရေးဝန်ကြီး Hassan Wirajuda နဲ့ အာဆီယံအဖွဲ့အတွင်းရေးမှူးဆူရင်ပစ်ဆူဝမ်တို့နဲ့တွေ့ဆုံအပြီး အဲဒီလိုပြောကြားလိုက်တာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ်ကို RFA ကမေးမြန်းရာမှာ အခုလိုဖြေကြားခဲ့ပါတယ်။

"မိမိတို့ဟာ မြန်မာနိုင်ငံဒီမိုကရေစီပြောင်းလဲရေးနဲ့ပတ်သက်ပြီး နိုင်ငံရေး စီးပွားရေး၊ လူမှုရေး တည်ငြိမ်မှုနောက်ခံပေါ်မှာအမြင်ချင်း ဖလှယ်ခဲ့ကြတာပါ။" လို့ပြောဆိုခဲ့ပါတယ်။ ဒီကိစ္စအပေါ် ဗြိတိန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ Burma Campaign UK ကညွှန်ကြားရေးမှူးတယောက်ဖြစ်တဲ့ Ms.Anne Robert က မြန်မာစစ်အစိုးရဘက်က နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့တွေနဲ့ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ကို လွှတ်လပ်မှုမပေးသရွေ့ အီးယူအနေနဲ့ပိတ်ဆို့မှုတွေကိုမလျှော့ပေါ့သင့်ပါဘူး၊ မြန်မာစစ်အစိုးရကိုဖိအားပေးနိုင်တာ ပိတ်ဆို့မှုတခုသာရှိပါတယ်လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

---

# ဒေါ်အောင်ဆန်းစုကြည်ကိုဖမ်းဆီးထားခြင်းသည် နအဖ ဥပဒေချိုးဖောက်တာဖြစ်

**NEJ ၊ မတ်လ ၂၄ ။ ။** ဒေါ်အောင်ဆန်းစုကြည်အားဖမ်းဆီးထိန်းသိမ်း ထားခြင်းသည် မြန်မာစစ်အစိုးရဘက်က ကိုယ့်ဥပဒေကိုကိုယ်ချိုးဖောက်ရာကျသ ကဲ့သို့ နိုင်ငံတကာဥပဒေကိုလည်း ချိုးဖောက်ရာကျကြောင်း ကုလသမဂ္ဂကထုတ်ဖော်ပြောဆိုလိုက်ပါသည်။

တရားလက်လွတ်ဖမ်းဆီးမှုဆိုင်ရာ ကုလသမဂ္ဂလုပ်ငန်းအဖွဲ့၏ ဥပဒေရေးရာသုံးသပ်ချက်တွင် ယခုကဲ့သို့ဖော်ပြထားခြင်းဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတနိုင်ငံအား ကိုယ့်ဥပဒေကို ကိုယ်ချိုးဖောက်ကြောင်းဝေဖန်သည်မှာ ပြောရိုးပြောစဉ်မဟုတ်ဟု ဆန်းစစ်သူများကပြောပါသည်။ ယင်းသို့ကုလသမဂ္ဂကထုတ်ဖော်ပြောဆိုခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်ရုတ်တရက်လွတ်မည်ဟုမထင်သော်လည်း နအဖအားကာကွယ်ပေးနေသည့် တရုတ်၊ ရုရှားစသည့်နိုင်ငံများအပေါ် ဖိအားပေးနိုင်ရန် ကုလသမဂ္ဂအပေါ်အရေးပါသည့် ဂယက်ဖြစ်နိုင်သည်ဟုယူဆကြောင်း ဒေါ်အောင်ဆန်းစုကြည်အတွက် အခမဲ့ရှေ့နေလိုက်ပေးနေသူ ဝါရှင်တန်ဒီစီမှရှေ့နေ Jared Genser ကပြောပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်လုံခြုံရေး သို့မဟုတ် ပြည်သူအများတည်ငြိမ်အေးချမ်းမှုအတွက် အန္တရာယ်ဖြစ်လာနိုင်သူလားဆိုသည်ကိုလည်း အဆိုပါဥပဒေသုံးသပ်ချက်တွင် မေးခွန်းထုတ်ထားပါသည်။ "အခုဟာက အစိုးရက ကိုယ့်ဥပဒေကိုတောင် မလေးစားဘူးလို့ ပြောလိုက်တာပေါ့။ တနည်းအားဖြင့်ပြောမယ်ဆိုရင် ထဲထဲဝင်ဝင်ကိုဝေဖန်လိုက်တာဖြစ်တဲ့အတွက် နအဖ စစ်အစိုးရအတွက် အင်မတန်မှရှက်စရာကောင်းပါတယ်။ မြန်မာပြည်မှာတရားဥပဒေစိုးမိုးမှုမရှိတော့ဘူးဆိုတာကို ပြောလိုက်တာပေါ့။ အဲဒီအချက်ကို နိုင်ငံတကာကအသိအမှတ်ပြုလာရတဲ့အနေအထားဖြစ်လာတာပေါ့။ နိုင်ငံတကာအသိုင်းအဝိုင်းကြားမှာ နအဖအစိုးရအနေနဲ့ အရှက်တကွဲဖြစ်ရတဲ့ကိစ္စတွေဖြစ်လာတော့ အနည်းနဲ့အများဆိုသလို အရေးယူဖြေရှင်းပေးရ မယ့်အနေအထားဖြစ်လာမယ်လို့ ကျနော်ထင်တယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂအတွင်းရေးမှူး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဦးက သုံးသပ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်အမှုကို ဆောင်ရွက်ပေးနေသူရှေ့နေဦးကြည်ဝင်းကမူ ယခုလ ၁၃ ရက်တွင် အယူခံကြားနာပေးပါရန် ဝန်ကြီးချုပ်ထံမေတ္တာရပ်ခံစာကို ပေးပို့ထားသည်ဟုပြောပါသည်။ အယူခံကို ၉–၁၀–၂၀၀၈ ခုနှစ်ကတည်းက တင်သွင်းခဲ့ခြင်းဖြစ်သော်လည်း နအဖစစ်အစိုးရဘက်က ကိုင်တွယ်ဆောင်ရွက်ခြင်းမရှိသဖြင့် မေတ္တာရပ်ခံစာများပေးပို့ခဲ့သည်မှာ လေးကြိမ်ထက်မနည်းရှိပြီဖြစ်သည်ဟုလည်း ပြောပါသည်။

ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်ချထားမှုနှင့်စပ်လျဉ်း၍စုံစမ်းခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ် Mr.Quintana က မတ်လ ၁၇ ရက်၌ လူ့အခွင့်အရေးကောင်စီတွင် အစီရင်ခံခဲ့သေးသည်။ ယင်းအစီရင်ခံစာတွင် ယင်းအမှုကိုအစိုးရဘက်မှ လက်ခံရရှိကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး တရားသူကြီးချုပ်နှင့်ပြည်ထဲရေးအားစုံစမ်းရန် ညွှန်ကြားထားကြောင်း ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ရှင်းပြခဲ့သည်ဟုဖော်ပြထားပါသည်။

ရှေ့နေကြီးဦးကြည်ဝင်းကမူ ယင်းအမှုသည်တရားသူကြီးချုပ်နှင့်မဆိုင်တော့ဘဲ အစိုးရအဖွဲ့တာဝန်ရှိသူဝန်ကြီးချုပ် သို့မဟုတ် အစိုးရအဖွဲ့က ဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ထားသူကသာ ကိုင်တွယ်ဆောင်ရွက်ရတော့မည်ဖြစ်သည်ဟုဆိုပါသည်။ "ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်သက်တမ်းထပ်တိုးတုန်းက အစိုးရအဖွဲ့တာဝန်ပေးမှုအရ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးနဲ့ သူ့အဖွဲ့ဝင်တွေချထားတဲ့အမိန့်ကို ကျနော်တို့ကပြန်အယူခံတာဗျ။ အဲဒါကိုသူက သူ့အောက်ကို ပြန်ရှင်းခိုင်းနေလို့မဖြစ်ဘူးလေ။ တရားသူကြီးချုပ်ဆိုတာကလည်း ပုဒ်မ ၂၁ ကို ၁၉၉၁ ခုနှစ်မှာ ဖျက်သိမ်းလိုက်ကတည်းက တရားရုံးချုပ်ရဲ့ ကဏ္ဍမပါတော့ဘူးဗျ။ တရားသူကြီးချုပ်ဝင်ရောက်ကိုင်တွယ်ရမယ့်အမှုမျိုးလည်းမဟုတ်တော့ဘူး။ အဲဒီတော့ အဲလိုပြောဆိုခဲ့တယ်ဆိုရင်တော့ ပြောဆိုမှုတွေကိုကလွဲနေတယ်ဗျ။" ဟု ဦးကြည်ဝင်းက ရှင်းလင်းပြောဆိုပါသည်။ **စာမျက်နှာ ၁၂ သို့**

# ဒီမိုကရေစီနှင့် လူ့တိုးတက်ဖွံ့ဖြိုးရေး

**ဦးအောင်ခင်**
မျက်မှောက်ရေးရာသုံးသပ်ချက်

ဒီမိုကရေစီနဲ့ လူ့တိုးတက်ဖွံ့ဖြိုးမှုဆက်စပ်နေပုံကို လွန်ခဲ့တဲ့ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလမှာ ကမ္ဘာ့ဘဏ်က ပေါ်လစီဆိုင်ရာသုတေသနစာတမ်း ၂ စောင် ထုတ်ဝေလိုက်တယ်။ ဇန်နဝါရီစာတမ်းက တိုင်းပြည်မှာကျင့်သုံးတဲ့နိုင်ငံရေးစနစ်ကိုလိုက်ပြီး လူ့တိုးတက်ဖွံ့ဖြိုးမှုကွာခြားပုံကို ရေးသားထားပါတယ်။

၄၇ မျက်နှာရှိတဲ့စာတမ်းပါပဲ၊ စာတမ်းပြုစုသူက ဂျာမဏီပြည် ဂေါ်တင်ဂန် (Gottengen) တက္ကသိုလ်ဘောဂဗေဒပညာရှင် Sebastian Vollmer နဲ့ Maria Vollmer တို့ဖြစ်ပါတယ်။ စာတမ်းအမည်က Political Institutions ans Human Development ဖြစ်ပါတယ်။

၁၉၇၀ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိဖြစ်တဲ့ ၃၃ နှစ်ကာလကအချက်အလက်တွေကို အခြေခံပြီးရေးသားပြုစုထားတဲ့စာတမ်းပါပဲ။ တိုးတက်ဖွံ့ဖြိုးမှုကို ဝင်ငွေနဲ့တိုင်းတာလေ့ရှိပေမဲ့ လူ့ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာမှာတော့ ကျန်းမာရေး၊ ပညာရေးနဲ့ လွတ်လပ်မှုဟာ အဓိကကျပုံကို ဖော်ပြထားပါတယ်။

ဒါကြောင့် လူ့တိုးတက်ဖွံ့ဖြိုးရေးကို နိုင်ငံရေးစနစ်က ဘယ်လောက်အထောက်အကူပြုနိုင်သလဲဆိုတာ စာတမ်းက ဆန်းစစ်ထားတာပါပဲ။ လူ့တိုးတက်မှုဖွံ့ဖြိုးမှုဖြစ်စဉ်ဟာ ဒီမိုကရေစီစနစ်နဲ့နိဂုံးချုပ်မယ်လို့ ဆိုပါတယ်။ ဒီမိုကရေစီစနစ်ကို ပိုမိုကောင်းမွန်အောင်မွမ်းမံပြုပြင်ဖို့ကလွဲပြီး ဒီထက်ကောင်းတဲ့စနစ်မရှိတော့ဘူးလို့ ဆိုတာပါပဲ၊ လူ့အဖွဲ့အစည်းရဲ့အကျိုးကိုသယ်ပိုးရာမှာ ဒီမိုကရေစီစနစ်ဟာ အသင့်တော်ဆုံး နိုင်ငံရေးစနစ်လို့ ဆိုပါတယ်၊ ဘယ်စနစ်က ဘယ်ပေါ်လစီကို ကျင့်သုံးတယ်ဆိုတာကို ဆန်းစစ်ပါတယ်။

ခေညစ္စာပိုင်ဆိုင်မှုကို ကာကွယ်တဲ့ပေါ်လစီနဲ့ ခေညစ္စာပြန်လည်ဝေငှတဲ့ပေါ်လစီဆိုပြီး နှစ်မျိုးရှိပါတယ်၊ ခေညစ္စာပိုင်ဆိုင်မှုကို ကာကွယ်တဲ့ပေါ်လစီဟာ ရင်းနှီးမြှုပ်နှံမှုကို အဓိကထားပြီး စီးပွားရေးတိုးတက်ဖို့ကို ရည်ရွယ်ပါတယ်။ စီးပွားရေးတိုးတက်ရင် အားလုံးအတွက်ကောင်းတယ်ဆိုတဲ့သဘောပါ။ ဒါပေမဲ့ ပြည်သူ့ဘဝသာယာဝပြောရေးအတွက် သင့်တော်တဲ့ဝန်ဆောင်လုပ်ငန်းနဲ့ စားသုံးကုန်ပစ္စည်းထောက်ပံ့ဖို့ရည်ရွယ်တဲ့ နိုင်ငံရေးပေါ်လစီကသာ လူ့တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုတယ်တဲ့။

တိုင်းသူပြည်သားရဲ့ပညာရေးနဲ့ ကျန်းမာရေးကောင်းမွန်အောင် ဖူလုံအောင် ဈေးကွက်ကလုပ်ပေးနိုင်တာမဟုတ်ပါဘူး။ ဒါကြောင့် ဈေးကွက်ကြောင့် ဆင်းရဲချမ်းသာကွာဟမှုကြီးမားလာတာကို ပြုပြင်တဲ့နိုင်ငံရေးစနစ်ကသာ လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်ပါတယ်။ ဒီနိုင်ငံရေးစနစ်ဟာ ဒီမိုကရေစီပါ၊ ပြည်သူ့ဆန္ဒနဲ့ဖွဲ့စည်းထားတဲ့အစိုးရကသာ ပြည်သူ့ဘဝသာယာဝပြောရေးအတွက် အကုန်အကျခံမှာဖြစ်ပါတယ်၊ ပြည်သူကလည်း ပြည်သူ့အစိုးရကို တောင်းပိုင်ခွင့်ရှိတယ်။

ပြည်သူ့လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ပေါ်လစီလမ်းစဉ်ကို ပြည်သူတင်မြှောက်တဲ့ ဒီမိုကရေစီအစိုးရကသာ ကျင့်သုံးပါလိမ့်မယ်။ ရွေးကောက်ပွဲယှဉ်ပြိုင်မှုနဲ့ တရားဥပဒေအရလုပ်ကိုင်မှုရှိတာဟာ အာဏာရအစိုးရကို အဂတိမလိုက်စားအောင်ချုပ်ကိုင်တဲ့သဘောပါပဲ။ တာဝန်သိတဲ့အစိုးရကသာ အာဏာရနိုင်တာကြောင့် လူ့အဖွဲ့အစည်းအကျိုး ဒီမိုကရေစီအစိုးရက သယ်ပိုးရတာပါ။ အာဏာရှင်စနစ်မှာတော့ လူတစုကောင်းစားရေးအတွက် အစိုးရကလုပ်ပေးနေတာမို့ ပြည်သူ့ဘဝကို ဂရုမစိုက်ပါဘူး၊ ဒါကြောင့် အာဏာရှင်စနစ်အောက်မှာ လူ့ဖွံ့ဖြိုးရေးအဆင့်အတန်းနိမ့်ကျတာဖြစ်ပါတယ်တဲ့။

ပျမ်းမျှနှုန်းနဲ့ကြည့်မယ်ဆိုရင် ဒီမိုကရေစီနိုင်ငံကလူတွေဟာ အာဏာရှင်နိုင်ငံလူတွေထက်ပိုပြီး အသက်ရှည် စာတတ်တာကိုတွေ့ရပါတယ်တဲ့။ HIV/AIDS ဖြစ်ပွားတဲ့ အာဖရိကနိုင်ငံတွေမှာသာ ပျမ်းမျှသက်တမ်းတိုတာတွေ့ရပါတယ်။ ရေနံနဲ့ဓာတ်ငွေ့ထွက်တဲ့အာဏာရှင်နိုင်ငံတွေမှာ လူ့သက်တမ်းတိုပြီး စာတတ်တာနည်းပါးတာ တွေ့ရပါတယ်။

ကြပ်ပြေးသန်းရွှေနဲ့အပေါင်းအပါတွေ ဘုရင်စနစ်တည်ထောင်နိုင်အောင် သဘာဝဓာတ်ငွေ့က ဖန်တီးပေးလိုက်တာပဲ၊ သဘာဝသယံဇာတရောင်းစားလို့ရတဲ့ငွေကို စစ်ဗိုလ်တစုက ကိုယ်ကျိုးအတွက်သုံးနေကြတဲ့အတွက် မြန်မာပြည်မှာ လူ့သက်တမ်းတိုးပြီး ပညာအဆင့်အတန်းနိမ့်ကျနေတာပဲ။

ဒီမိုကရေစီနဲ့ လူ့ဖွံ့ဖြိုးတိုးတက်မှုဟာ အခိုင်အမာဆက်သွယ်နေတာတွေ့ရတယ်။ စီးပွားရေးတိုးတက်ပြီး ပညာအဆင့်အတန်းမြင့်မှ ဒီမိုကရေစီကျင့်သုံးနိုင်တာမဟုတ်ဘူးတဲ့၊ စီးပွားတောင့်တင်းတဲ့လူလတ်တန်းစား ခေနရှင်ပေါက်စလူတန်းစားပေါ်ထွက်လာမှ ဒီမိုကရေစီထွန်းကားတယ်ဆိုတဲ့ အယူအဆကို ဂေါ်တင်ဂန်တက္ကသိုလ်ပညာရှင် ၂ ဦးက လက်မခံပါဘူး၊

လူ့ဖွံ့ဖြိုးရေးအတွက် ဒီမိုကရေစီကျင့်သုံးတာဟာ ဝင်–ပညာအဆင့်အတန်း–လူမျိုးကွဲမှု စတာတွေနဲ့ မဆိုင်ဘူးလို့ ဆိုပါတယ်။ ဒီမိုကရေစီကြောင့်ဖြစ်ပေါ်လာတဲ့ဖွံ့ဖြိုးမှုဟာ စီးပွားရေးတိုးတက်မှုထက် အများကြီးကျယ်ဝန်းနက်ရှိုင်းပါတယ်၊ ဒါကြောင့် စီးပွားရေးအခြေအနေ ဘယ်လိုပဲရှိရှိ လူ့တိုးတက်ဖွံ့ဖြိုးရေးအတွက် ဒီမိုကရေစီကျင့်သုံးတာဟာ အကောင်းဆုံးနည်းလမ်းလို့ ဆိုပါတယ်။

ဖေဖော်ဝါရီလမှာထုတ်တဲ့ ကမ္ဘာ့ဘဏ်ရဲ့သုတေသနစာတမ်းကိုတော့ ကမ္ဘာ့ဘဏ် ဘောဂဗေဒပညာရှင်တွေဖြစ်တဲ့ Mohamad Amin နဲ့ Simeon Djankov တို့က ရေးသားပြုစုပါတယ်။ စာတမ်းအမည်က Democracy and Reform ဖြစ်ပြီး စာမျက်နှာ ၂၇ မျက်နှာရှိပါတယ်။

၂၀၀၃ ကနေ ၂၀၀၈ ခုနှစ်အထိ ၅ နှစ်တာကာလ နိုင်ငံပေါင်း ၁၄၇ နိုင်ငံရဲ့အချက်အလက်တွေကို လေ့လာပြီး ရေးသားထားတာပါ။ ဒီမိုကရေစီနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆက်သွယ်ပုံကို ဆန်းစစ်ထားတဲ့စာတမ်းဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်အမှုထမ်းတွေဖြစ်ကြတဲ့အတွက် ဘဏ်မှာရှိတဲ့ အချက်အလက်တွေကို လေ့လာသုံးသပ်တင်ပြတာပါပဲ။

ဒီမိုကရေစီကျင့်သုံးတဲ့အဆင့်အတန်းပေါ်မူတည်ပြီး ပြုပြင်ပြောင်းလဲမှုအတိုင်းအတာပေါ်ပေါက်လာပုံကို တင်ပြထားပါတယ်၊ စီးပွားရေးတိုးတက်အောင် ပြုပြင်ပြောင်းလဲနိုင်မယ့်အလားအလာတွေကို ဒီမိုကရေစီစနစ်က ဖန်တီးပေးနိုင်ကြောင်း ပြသထားတာပါပဲ၊ ဒီမိုကရေစီအဆင့် မြင့်လေလေ တိုးတက်ဖွံ့ဖြိုးအောင် ပြုပြင်ရေးလုပ်နိုင်လေလေဖြစ်နေတာတွေ့ရပါတယ်။

လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်း အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံဟောင်းတွေနဲ့ အာဖရိကနိုင်ငံတချို့မှာ စီးပွားရေးအရှိန်အဟုန်နဲ့ တိုးတက်လာရတဲ့အကြောင်းရင်းက ဒီမိုကရေစီကျင့်သုံးမှုကြောင့်ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်သုံးမှုကျယ်ဝန်းလာတဲ့အတွက် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာပုံကို တင်ပြတဲ့စာတမ်းပါ။

ဒီစာတမ်းတွေကိုဖတ်ကြည့်ရင် ဒီမိုကရေစီစနစ်ဟာ တိုင်းသူပြည်သားတွေအတွက် အကောင်းဆုံးဖြစ်နေတာကို သိနိုင်တယ်၊ လူ့သမိုင်းမှာရှိခဲ့တဲ့ နိုင်ငံရေးစနစ်တွေထဲမှာ ဒီမိုကရေစီစနစ်ဟာ အသင့်တော်ဆုံးလို့ဆိုပါတယ်၊ အပြစ်အနာအဆာ လုံးဝကင်းတဲ့စနစ်မျိုးတော့မဟုတ်ပါဘူး၊ ကန့်ကွက်ဆန္ဒပြပြီး စည်းရုံးမှုအားကောင်းတာကြောင့်ပြုပြင်သင့်တဲ့ကိစ္စကို မပြုပြင်တာမျိုးလည်း ရှိနိုင်တာပဲ။

ဒါပေမဲ့ဆန့်ကျင်ဘက်သဘောတရားကိုတင်ပြခွင့်ရှိပြီး အပြန်အလှန် ငြင်းခုံဆွေးနွေးနိုင်တဲ့အခွင့်အရေးတွေရှိတာကြောင့် ဒီမိုကရေစီစနစ်မှာ တဘက်သတ်ထင်သလိုလုပ်လို့မရပါဘူး၊ အာဏာရှင်စနစ်မှာလို နှစ်ပေါင်းများစွာ ကိုယ်ကျိုးရှာလမ်းစဉ်ကျင့်သုံးတာမျိုး ဒီမိုကရေစီမှာမရှိတဲ့အတွက် နိုင်ငံတိုင်းမှာကျင့်သုံးနိုင်တဲ့စနစ်လို့ ကမ္ဘာ့ဘဏ်စာတမ်း ၂ ခုမှာ ဖော်ပြထားပါတယ်။

# ICRC ကို ထောင်များ စစ်ဆေးခွင့်ပြုရန် လူ့အခွင့်အရေးကော်မရှင် တောင်းဆို

**DVB ၊ မတ်လ ၂၅ ။** ။ ICRC ကို မြန်မာအကျဉ်းထောင်တွေထဲ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ပြုပါလို့ နအဖစစ်အုပ်စုကို အာရှလူ့အခွင့်အရေးကော်မရှင် Asian Human Rights Commission က တောင်းဆိုလိုက်ပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေဟာ စစ်အုပ်စုရဲ့ အကျဉ်းထောင်တွေထဲမှာ ကျန်းမာရေး အခြေအနေ ဆိုးဝါးတဲ့အထိ ဖိနှိပ်ညှဉ်းပမ်းမှုတွေများနေတာကြောင့် အာရှလူ့အခွင့်အရေးကောင်စီက ဒီလိုတောင်းဆိုတာပါ။ လူ့အခွင့်အရေးလှုပ်ရှားခဲ့တဲ့ မစုစုနွေးဆိုရင် မိသားစုနဲ့ဝေးရာ မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်း ကလေးမြို့ထောင်မှာ ကျန်းမာရေးအခြေအနေ ဆိုးရွားနေပါတယ်လို့ အာရှလူ့အခွင့်အရေးကော်မရှင် အေအိတ်ချ်အာရ်စီက ထောက်ပြထားပါတယ်။ ကာလရှည်ကြာ နှလုံးရောဂါအခံရှိခဲ့တဲ့ မစုစုနွေးဟာ ထိုက်သင့်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့်မရတဲ့အတွက် ထောင်ထဲမှာလမ်းမလျှောက်နိုင်တော့တဲ့အထိ ဖြစ်နေပြီလို့ ဟောင်ကောင်အခြေစိုက် အေအိတ်ချ်အာရ်စီ အမှုဆောင်ဒါရိုက်တာ မစ္စတာ ဘာဆေးလ် ဖာနန်ဒိုက ပြောကြားပါတယ်။

“သူအကျဉ်းကျနေတဲ့ထောင်ကလည်း မိသားစုနဲ့ သိပ်ကိုဝေးလွန်းနေပါတယ်၊ သူလိုအပ်တာတွေကို မိသားစုက သွားပြီးမထောက်ပံ့နိုင်ပါဘူး၊ ဒါကြောင့် စုစုနွေးရဲ့ကျန်းမာရေးအခြေအအနေက သိပ်စိုးရိမ်ရပါတယ်။ အရေးတယူ မစောင့်ရှောက်ရင်တော့ အလွန့်အလွန်ဆိုးကျိုးတွေ ဖြစ်လာပါလိမ့်မယ်။ အကောင်းဆုံးကတော့ မစုစုနွေးကို ထောင်ကလွှတ်ပြီး ဆေးကုခွင့်ပြုဖို့ဖြစ်ပြီး အဲဒီလိုမှ မလွှတ်နိုင်ရင်တောင်မှ မိသားစုနဲ့နီးတဲ့ အကျဉ်းထောင်တခုကို ပြောင်းရွှေ့ခွင့်ပြုဖို့ လက်ငင်းမှာလည်း အထူးဆေးကုသပေးဖို့တောင်းဆိုပါတယ်။”

ထောင်ဒဏ် ၈ နှစ်ခွဲ ကျခံနေရတဲ့ မစုစုနွေးကို အာဏာပိုင်တွေက ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော် သံဃာ့လှုပ်ရှားမှုအပြီး နိုဝင်ဘာမှာ စစ်အုပ်စုဆန့်ကျင်ရေးပိုစတာကပ်မှုကြောင့် ဖမ်းဆီးခဲ့ပြီး ပြီးခဲ့တဲ့ နိုဝင်ဘာမှာ ရန်ကုန်တိုင်းတရားရုံးမှာ ပုဒ်မ ဖ ခုနဲ့ တရားစွဲလို့ ထောင်ဒဏ် ၁၂ နှစ်ခွဲချမှတ်ပါတယ်။ ဒီနှစ် ဖေဖော်ဝါရီမှာ ထောင်ဒဏ် ၄ နှစ်ပြန်လျှော့ပါတယ်။ အေအိတ်ချ်အာစီက မစုစုနွေးကို ဥပမာပေးပြီး ရည်ညွှန်းတောင်းဆိုနေချိန်မှာ မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ကို နအဖစစ်အုပ်စုက အကျဉ်းချထားပါတယ်။ “နိုင်ငံရေးအကျဉ်းသားအားလုံးအတွက် ကျနော်တို့ တောင်းဆိုနေတာပါ” လို့ မစ္စတာဘာဆေးလ်က ပြောကြားပါတယ်။

“သူတို့ထဲက အများစုဟာ ရှေ့နေတောင် ငှားခွင့်မရကြပါဘူး။ သူတို့ဟာ ဥပဒေ အထောက်အပံ့လည်းမရ၊ တရားတဲ့ ကြားနာစစ်ဆေးမှု၊ နည်းလမ်းတကျ မျှတတဲ့ တရားရေးစနစ်လည်း မရရှိပါဘဲ စီရင်ချက်ချမှတ်ခံကြရတာပါ။ ဒါကြောင့် ဒီ နိုင်ငံရေးအကျဉ်းသားအားလုံးအရေးကို အလေးထားပါတယ်။ သူတို့အားလုံးကို လွှတ်ပါလို့ တောင်းဆိုတယ်။”

“ဒီအခြေအနေတွေကို လေ့လာစစ်ဆေးပြီး ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် မြန်မာပြည် အကျဉ်းထောင်တွေကို ကြည့်ရှုဖို့ ICRC နိုင်ငံတကာကြက်ခြေနီအဖွဲ့ကိုခွင့်ပြုပါလို့ နအဖစစ်အုပ်စုကို အေအိတ်ချ်အာစီက တောင်းဆိုထားပါတယ်။ ICRC ရဲ့ လုပ်ပိုင်ခွင့်တွေကို နအဖက ပိတ်ပင်ထားပြီး နယ်ရုံးခွဲငါးခုအနက် သုံးခုကိုပိတ်ပစ်လိုက်ပြီး နှစ်ခုပဲခွင့်ပြုတဲ့အပြင် အဲဒီရုံးတွေဟာလည်း စစ်အုပ်စုလက်အောက်ရှိ ရဲဘက်အကျဉ်းစခန်းတွေအပါအဝင် ဘယ်အကျဉ်းထောင်ကိုမှ သွားခွင့်မရတော့တာ ၂၀၀၅ ခုနှစ်ကတည်း ကပါ။ “ဒါကြောင့်ICRC သာ အကျဉ်းထောင်တွေကို ကြည့်ရှုစစ်ဆေးခွင့်ရရင် အကျဉ်းသားတွေရဲ့အခြေအနေကို မျက်မြင်ဒိဋ္ဌတွေ့ခွင့်ရမှာပါ။ အကျဉ်းထောင်တွေထဲမှာ ဘာတွေ မှားယွင်းပျက်စီးနေတယ်ဆိုတာ ထောက်ပြနိုင်မှာဖြစ်ပြီး မစုစုနွေးနည်းတူ တွေ့ကြုံခံစားနေရသူတွေကို ကူညီနိုင်မှာပါ။”

အေအိတ်ချ်အာစီက ဒီလိုတောင်းဆိုတဲ့စာကို နအဖပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနဲ့ ICRC တို့ကို ပေးပို့ထားတဲ့အပြင် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ထောမတ်စ် အိုဟေး ကင်တားနား အပါအဝင် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းတွေကို ပေးပို့ထားပါတယ်။

---

## နိုင်ငံရေးပါတီတွေကို နအဖခေါင်းဆောင်သတိပေး

**VOA ၊ မတ်လ ၂၇ ။** ။ စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံရေးပါတီတွေအနေနဲ့ ဒီမိုကရေစီလိုချင်ရင် နိုင်ငံခြားပယောဂကင်းအောင် ရှောင်ရှားကြဖို့ဒီကနေ့သတိပေးလိုက်ပါတယ်။

နေပြည်တော်မှာဒီနေ့ကျင်းပတဲ့ ၆၄ နှစ်မြောက် တော်လှန်ရေးနေ့အခမ်းအနားမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံရေးပါတီတွေအနေနဲ့ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာတွေ၊ အပြန်အလှန်ပုတ် ခတ်တာတွေ၊ တည်ငြိမ်မှုပျက်ပြားအောင် လှုပ်ရှားတာတွေကို ရှောင်ရှားကြဖို့ သတိပေးလိုက်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ နုနယ်သိမ်မွေ့သေးတာမို့ ဂရုတစိုက်စိတ် ရှည်ရှည်သည်းခံဖို့ကိုလည်း ပြောဆိုသွားပါတယ်။

---

## မြန်မာနိုင်ငံမှ တီဘီရောဂါ HIV / AIDS နှင့် ဆက်စပ်မှုရှိ

**DVB ၊ မတ်လ ၂၅ ။** ။ ကမ္ဘာ့ပေါ်မှာ အဆုပ်ရောဂါ တီဘီရောဂါ ဖြစ်ပွားနှုန်း ကျဆင်းစပြုချိန်မှာ မြန်မာနိုင်ငံမှာတော့ တီဘီရောဂါဟာ အိတ်ချ်အိုင်ဗွီ–အေ့ဒ်စ်နဲ့ဆက်စပ်မှုတွေရှိနေတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ကြေ ညာချက်ထုတ်ပြန်ပါတယ်။

WHO ဝက်ဘ်ဆိုက်မှာ ဖော်ပြချက်အရ မြန်မာနိုင်ငံမှာ တီဘီရောဂါဖြစ်ပွားမှုရဲ့ ၁၁ ရာခိုင်နှုန်းဟာ အိတ်ချ်အိုင်ဗွီ–အေ့ဒ်စ်နဲ့ ဆက်နွယ်နေလို့ ကုသဖို့ပိုပြီး ခက်လာတယ်လို့ သိရပါတယ်။ မြန်မာပြည်မှာဖြစ်ပွားတဲ့ အမ်ဒီအာ ခေါ် ဆေးမတိုးတော့တဲ့တီဘီရောဂါ ဖြစ်ပွားနှုန်းတိုးလာပြီး တီဘီ ရောဂါဖြစ်ပွားမှု အားလုံးရဲ့ ၄ ရာခိုင်နှုန်းအထိ ရှိတယ်လို့ဖော်ပြပါတယ်။ မြန်မာနိုင်ငံမှာ ငှက်ဖျားရောဂါပြီးရင် တီဘီ ရောဂါဟာ ဒုတိယ လူအသေဆုံးရောဂါဖြစ်နေပြီး အေ့ဒ်စ်က တတိယလိုက်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မြန်မာပြည်ရှိ နိုင်ငံတကာအကူ အညီပေးရေး အဖွဲ့တွေက တီဘီတိုက်ဖျက်ရေးမှာ ကူညီလုပ်ဆောင်နေပါတယ်။ တီဘီရောဂါ တိုက်ဖျက်ရေးအတွက် အကူအညီတွေလိုနေပါတယ်လို့ အေ့ဒ်စ်၊ ငှက်ဖျား၊ တီဘီ–ရောဂါသုံးမျိုးတိုက်ဖျက်ရေး 3-D Fund မှာတာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံရေးအကျဉ်းသားဟောင်း ဒေါက်တာခင်ဆွေဝင်းက ပြောပါတယ်။

“အခုလူတွေက စိတ်ဝင်စားမှုက အိတ်ချ်အိုင်ဗွီ–အေ့ဒ်စ်ကိုသာ များနေတာ။ တကယ်ဆို မြန်မာပြည်မှာ အများဆုံးရောဂါဖြစ်တာနဲ့ အသေအပျောက်များတာ ငှက်ဖျားပြီးတာနဲ့တီဘီပေ့ါ။ တီဘီပြီးတဲ့အခါမှ အိတ်ချ်အိုင်ဗွီ–အေအိုင်ဒီအက်စ်ပေ့ါ။“

အင်မတန်ဆိုးရွားတာက အိတ်ချ်အိုင်ဗွီနဲ့ ကိုယ်ခံအားကျနေတဲ့အချိန်မှာ တီဘီဝင်တယ်ဆိုရင် အရမ်းဆိုးတယ်။ ရိုးရိုးတီဘီဆိုရင်တောင် ဆေးယဉ်နေတဲ့ Multiple Drug-Resistant Tuberculosis အမျိုးအစားတွေဖြစ်နေလို့ ဆေးတမျိုးတင်မက၊ ဆေးသုံးလေးမျိုးနဲ့တောင် ဆေးမတိုးတော့ဘူးလို့ရှင်းပြပါတယ်။

“ကုရတာအင်မတန်ခက်တယ်၊ ဆေးတွေက ဈေးကြီးတယ်၊ လူတွေက မတတ်နိုင်ကြဘူး၊ အဲဒါကြောင့် ဒီအကူညီတွေ လိုပါတယ်လို့ ကျနော် အကြမ်းဖျင်းပြောနိုင်တယ်။”

မြန်မာနိုင်ငံအတွင်းက တီဘီရောဂါဖြစ်ပွားမှု အခြေအနေကို ထိုင်းနိုင်ငံ

စာမျက်နှာ ၁၅ သို့

# အင်ဒိုနီးရှား၏ ၁၀ နှစ်တာ ဒီမိုကရေစီခရီး

ကျော်ကျော်စိုး

၂၀၀၉ ခုနှစ် ဧပြီလ ၉ ရက်နေ့သည် အင်ဒိုနီးရှားတွင် ပါလီမန်ရွေးကောက်ပွဲကျင်းပသောနေ့ဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် နိုင်ငံကို ၃၂ နှစ်ကြာ အုပ်ချုပ်ခဲ့သည့် ဆူဟာတို ပြုတ်ကျခဲ့ပြီးနောက် ၁၉၉၉ ခုနှစ်တွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးစတင်ပြုလုပ်ခဲ့သည်။ ယခုရွေးကောက်ပွဲသည် ၁၀ နှစ်တာကာလအတွင်း တတိယအကြိမ်မြောက်ဖြစ်သည်။

ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ယုဂ်ဖြစ်သည်၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၏အခြေခံဖြစ်သည်။ ရွေးကောက်ပွဲများပုံမှန်ကျင်းပနိုင်ရုံဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည်ချောမွေ့ညင်သာစွာဖြင့်သွားနေပြီဟု ဆို၍မရပေ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် စိမ်ခေါ်မှုများ၊ နောက်ပြန်ဆွဲမှုများ၊ ခြိမ်းခြောက်မှုများရှိသည်မှာ အမှန်ပင်ဖြစ်သည်။

အာဏာရှင်အုပ်ချုပ်မှုမှ လွတ်မြောက်လာပြီးနောက် ဒီမိုကရေစီကို ထွေးပွေ့ကာ က နေသည့် အင်ဒိုနီးရှားသည် စည်းဝါးနှင့် ကကွက်ညီစေရန်ကြိုးပမ်းနေသည်။ တခါတရံတွင် သံစဉ်မမီ စည်းဝါးလွတ်သည်များလည်းရှိသည်။ သို့သော်လည်း ၁၀ နှစ်တာကာလအတွင်း တိုးတက်မှုများရှိသည်ကိုမူ မည်သူမျှမငြင်းနိုင်ပေ။ ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့သည်မှာ လူအများ မျက်မြင်ဒိဌပင်ဖြစ်သည်။

အသိသာအထင်ရှားဆုံးအချက်မှာ ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးကြသောပြည်သူလူထုသည် စိုးရိမ်ကြောက်ရွံ့ရန်မလိုပဲ မဲပေးနိုင်ခြင်းပင်ဖြစ်သည်။ အာဏာရှင် ဆူဟာတိုလက်ထက်တွင် အင်ဒိုနီးရှားပြည်သူအများအပြားသည် အကြီးဆုံးပါတီဖြစ်သည့် ဂိုလ်ကာပါတီကို မဲပေးခဲ့ကြရသည်၊ အထူးသဖြင့် ပြည်သူ့ဝန်ထမ်းတဦးဦး၏ အိမ်ထောင်စုဝင် မဲပေးပိုင်ခွင့်ရှိသူအားလုံးသည် ဂိုလ်ကာပါတီကို မဲပေးကြရသည်၊ အကြောင်းမှာ ထိုပြည်သူ့ဝန်ထမ်း အလုပ်အကိုင်နေရာတည်မြဲရေးအတွက်ဖြစ်သည်။ သို့သော် ဆူဟာတိုရာထူးမှထွက်လိုက်ရပြီးနောက် Reformasi ဟု လူသိများသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုစတင်ခဲ့ချိန်မှစ၍ မဲပေးမှုတွင် စိုးရိမ်ကြောက်ရွံ့စရာမလိုတော့ပေ။

နိုင်ငံရေးပါတီများ၊ ပြည်သူ့ရေးရာအဖွဲ့အစည်းများ အမြောက်အမြား ပေါ်ထွန်းလာသည်။ မီဒီယာများလည်း လွတ်လပ်ပွင့်လင်းစွာဖြင့် ရေးသားလာကြသည်။

ဆူဟာတိုလက်ထက်က သမတရာထူးအတွက် ၃ ပါတီသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရသည်မှ ၁၉၉၉ ရွေးကောက်ပွဲတွင် ၄၈ ပါတီဝင်ပြိုင်နိုင်ခဲ့သည်အထိ ဖြစ်လာခြင်းက နိုင်ငံရေးတွင် လွတ်လပ်မှုရှိလာသည်ကို ပြသနေသည်။ ၁၀ နှစ်တာရှိလာခဲ့ပြီဖြစ်သော်လည်း အမည်ခံဒီမိုကရေစီ ဟု ခေါ်ဆိုမှုများလည်း ရှိနေသည်။ ပြည်သူလူထုသည်လည်း အသွင်ကူးပြောင်းရေးကာလတွင် လမ်းစပျောက်နေသည်ဟု ခံစားရသည်များလည်းရှိသည်။ စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများသည် အပြည့်အဝလုပ်ဆောင်ခြင်းမရှိ၊ ဖြစ်ထွန်းခြင်းမရှိသေးဟု အင်ဒိုနီးရှားမဲဆန္ဒရှင် ၁၇၁ သန်းက မှတ်ယူသည်။

နိုင်ငံရေးအခြေခံအယူအဆအရ၊ သဘောတရားအရ၊ ကျင့်စဉ်အရ ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်သည်ဆိုသော်လည်း အကျင့်ပျက်လာဘ်စားမှု၊ ဆွေမျိုးသားချင်းကောင်းစားရေးဝါဒနှင့် နီးစပ်ရာစားတော်ခေါ်သည့် ဆူဟာတိုလက်ထက်မှအစဉ်အလာသည် အမြစ်တွယ်နေဆဲဖြစ်သည်။ အစိုးရအဖွဲ့အတွင်းနှင့် ဝန်ထမ်းလောကတို့သည် စီးပွားရေးလုပ်ငန်းနယ်ပယ် အသိုင်းအဝိုင်းနှင့် လက်ဝါးချင်းရိုက်ကာ လုပ်ဆောင်နေဆဲပင်။ ဤသည်က ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအပေါ် ယုံကြည်ကိုးစားမှုများလျော့ပါးစေသည်။

ကမ္ဘာ့နိုင်ငံများအတွင်း အစိုးရအဖွဲ့၏လုပ်ဆောင်ချက်များကို အလွယ်တကူ ထိုးထွင်းသိမြင်နားလည်လွယ်ခြင်း ရှိ မရှိ ဆိုသည်ကို လေ့လာစောင့်ကြည့်နေသည့် Transparency International က နိုင်ငံပေါင်း ၁၈၀ ကို စစ်တမ်းကောက်ယူခဲ့ရာ အင်ဒိုနီးရှားနိုင်ငံအား အကျင့်ပျက်လာဘ်စားမှု အညွှန်းပြကိန်းတွင် အဆင့် ၁၂၈ ဟု သတ်မှတ်အစီရင်ခံခဲ့သည်။ ဤသည်က အာဏာရှင်စနစ်ဆိုးမွေပပျောက်ရေးဆိုသည်မှာ လွယ်ကူသောလုပ်ရပ်မဟုတ်၊ နှစ်ပေါင်းများစွာ အမြစ်တွယ်သောအကျင့်ဆိုးပပျောက်ရေးကို အချိန်တိုကာလအတွင်းမဆိုနှင့် ၁၀ စုနှစ်တခု ကြာမြင့်သည့်တိုင် အောင်မြင်စွာလုပ်ဆောင်နိုင်ခြင်းမရှိသေးဆိုသည်ကို ဖော်ပြနေသည်။

အင်ဒိုနီရှားတွင် နိုင်ငံရေးအရလွတ်လပ်မှုရှိလာသည်မှာ အမှန်ပင်၊ ဆူဟာတိုလက်ထက်က ဂိုလ်ကာပါတီမှလွဲ၍ အခြားပါတီများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံရေးလှုပ်ရှားသူများကို ဖိနှိပ်ခြင်းမျိုးမရှိတော့ပေ။ လွတ်လပ်သည့် နိုင်ငံရေးနယ်ပယ်တွင် အတွေ့အကြုံရှိသူများသာမက မျက်နှာသစ်များပါ လှုပ်ရှားနိုင်နေပြီဖြစ်သည်။ သို့သော်လည်း ထိုအထဲမှ များပြားလှစွာသောသူများသည် ၄င်းတို့အကျိုးစီးပွား သို့မဟုတ် မျှော်မှန်းချက်အတွက် နိုင်ငံရေးလောကအတွင်း ဝင်ရောက်လာကြသည်၊ တနည်းဆိုလျှင် လွှတ်တော်အမတ်ဖြစ်ချင်ကြသည်၊ အကြောင်းမှာ လွှတ်တော်အမတ်တဦးသည် အခွင့်အရေး အလွန်ရပြီး လစာမှာ ရူပီးယား ၄၅ သန်း(အမေရိကန်ဒေါ်လာ ၄၀၀၀) ခန့်ရသည်၊ ထို့အပြင် အခြားခံစားခွင့်များလည်းရကြသည်။

အင်ဒိုနီးရှားအမျိုးသားလွှတ်တော်တွင် အမတ်နေရာ ၅၆၀ ရှိသည်။ ဝင်ရောက်ယှဉ်ပြိုင်သည့်အမတ်လောင်း ၁၁၂၀၀ ဦးခန့်ရှိသည်။ လက်ရှိ အမတ်များမှသည် နာမည်ကျော်ရုပ်ရှင်သရုပ်ဆောင်များအထိ ပါဝင်သည်။ ထိုအထဲမှ အမတ်လောင်းအများအပြားသည် ပညာရေးကျောထောက်နောက်ခံ ကောင်းမွန်ခြင်းမရှိ၊ ကိုယ်ကျင့်သိက္ခာပိုင်းတွင်လည်း အလားတူပင်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် အခြေခံအကျဆုံးပြုပြင်ပြောင်းလဲမှုမှာ နိုင်ငံရေးဖြစ်သည်။ ထိုနိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံရေးစနစ်၊ ဖွဲ့စည်းတည်ဆောက်မှု၊ ကျင့်စဉ်၊ ပတ်ဝန်းကျင်ပြုပြင်ပြောင်းလဲရေးသည် အရေးကြီးသကဲ့သို့ ထိုပြုပြင်ပြောင်းလဲမှုတွင်ပါဝင်သည့် နိုင်ငံရေးသမားများ၏ အရည်အချင်း၊ ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာတို့သည်လည်း အရေးပါသောနေရာတွင်ပါဝင်သည်ကို မမေ့လျော့ရန်လိုအပ်သည်။ အကြောင်းမှာ ဖိနှိပ်မှုစနစ်ဆိုးမှ လွတ်မြောက်လာပြီးနောက် လွတ်လပ်မှုနှင့် ဒီမိုကရေစီကို ရှာဖွေကြသောအခါ ဆင်းရဲသောပြည်သူများ၊ ဒုက္ခအကျပ်အတည်းခံစားနေရသောပြည်သူများ၏ ယုံကြည်ကိုးစားမှုသည် အဓိကကျသောကြောင့်ဖြစ်သည်။ ထိုယုံကြည်ကိုးစားမှုက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတိုးတက်စေရန် အထောက်အကူပြုပေသည်။

အင်ဒိုနီးရှားဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် စိမ်ခေါ်မှုများ၊ ကိုယ်ကျိုးစီးပွားမျှော်ကိုးမှုများရှိနေလင့်ကစား တိုးတက်မှုများရရှိမည်ဆိုသည့် မျှော်လင့်ချက်များမြင့်မားသည်။ အပြန်အလှန်စစ်ဆေးမှုနှင့်ထိန်းညှိမှုစနစ် Check & Balance ကို အုတ်မြစ်ချပြီးဖြစ်သည်။ ထိုစနစ်သည် နေ့ချင်းညချင်း မအောင်မြင်နိုင်၊ အချိန်ယူတည်ဆောက်ရမည်ဆိုသည်ကို နားလည်လက်ခံထားသည်။ အကျင့်ပျက်လာဘ်စားမှုပပျောက်ရေးကော်မရှင်သည် ၄င်း၏လုပ်ငန်းများ ချောမွေ့မှုရှိလာစေရေးအတွက် တဖြည်းဖြည်းချင်းအကောင်အထည်ဖော်နေသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် အကျင့်ပျက်လာဘ်စားမှုပပျောက်ရေးသည် အရေးကြီးသည့်လုပ်ငန်းစဉ်တရပ်တွင်ပါဝင်သည်။ ဒီမိုကရေစီတွင် ရွေးချယ်ပိုင်ခွင့်ရှိသည်၊ အခွင့်အလမ်းများရှိသည်၊ ထိုရွေးချယ်ပိုင်ခွင့်နှင့် အခွင့်အလမ်းများကို လူတိုင်းရရှိခံစားနိုင်စေရန် ဖန်တီးထားပေးရမည်။ လုပ်ပိုင်ခွင့်ရှိသူ၊ အာဏာရှိသူတို့က အာဏာအလွဲသုံးစားလုပ်ကာ အကျင့်ပျက်လာဘ်စားမှုများမလုပ်နိုင်စေရန် တင်းကျပ်သည့်စောင့်ကြပ်ကြည့်ရှုမှုများနှင့် တားဆီးမှုများ၊ အရေးယူမှုများရှိရန်လိုအပ်သည်။ နိုင်ငံရေးပွင့်လင်းမှုနှင့် စီးပွားရေးလွတ်လပ်မှုတို့က နိုင်ငံနှင့် လူ့အဖွဲ့အစည်းကိုသာမက စီးပွားရေးတိုးတက်မှုကိုပါ ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သော်လည်း ထိုတိုးတက်မှုနှင့်အတူ လိုက်ပါလာလေ့ရှိသည့် အကျင့်ပျက်

## နိုင်ငံရေးအကျဉ်းသား လွတ်ရေး ဆန္ဒပြ

**DVB ၊ မတ်လ ၂၃ ။** ။ မြန်မာ့ဒီမိုကရေစီအင်အားစုတွေက နိုင်ငံရေးအကျဉ်းသားလွတ်ရေးအတွက် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ တောင်းဆိုဆန္ဒပြပါတယ်။

ဂျန်တားမန်တားပန်းခြံအနီး ဆန္ဒပြရာမှာ မြန်မာ့နိုင်ငံရေး အကျဉ်းသားတွေရဲ့ ဓာတ်ပုံ ကားချပ်ကြီး ၅၀၀ လောက်ကို တန်းစီပြထားတာတွေ့ရပါတယ်။ နိုင်ငံရေးအကျဉ်းသမားတွေကိုထားရှိတဲ့ နအဖစစ်အုပ်စုအကျဉ်းထောင်တွေရဲ့ ပုံစံတွေ နိုင်ငံရေးအကျဉ်းသားတွေ အကျဉ်းကျပုံတွေကိုလည်း ဓာတ်ပုံတွေနဲ့ ပြသထားပါတယ်။ ဆန္ဒပြတဲ့တချို့ကလည်း အကျဉ်းထောင်ဝတ်စုံတွေဝတ်ပြီး လက်ထိပ်ခတ်လျက်နဲ့ ထိုင်ပြီးတော့ဆန္ဒပြကြပါတယ်။ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ဆန္ဒပြုလက်မှတ်တွေကိုလည်း စုဆောင်းရာမှာ လမ်းသွားလမ်းလာအများစုက ပါဝင်လက်မှတ်ထိုးကြပါတယ်။

## အီတလီအနုပညာရှင်များဇာဂနာလွတ်ရေးတောင်းဆို

**RFA ၊ မတ်လ ၂၆ ။** ။ မြစ်ကြီးနားထောင်မှာ နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ ရုပ်ရှင်သရုပ်ဆောင်ဒါရိုက်တာ ကိုဇာဂနာကို ခြွင်းချက်မရှိအမြန်ဆုံးလွတ်ပေးဘို့ ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင်ဒါရိုက်တာ Roberto Benigni အပါအဝင် အီတလီနိုင်ငံကရုပ်ရှင်ဒါရိုက်တာတွေ၊ ဇာတ်ညွှန်းရေးဆရာတွေ စုပေါင်းဖွဲ့စည်း ထားတဲ့ 100 Autori အဖွဲ့ကြီးကနေ မတ်လ ၂၅ ရက်မနေ့ကတောင်းဆိုလိုက် ပါတယ်။

နိုင်ငံတကာမှာရှိတဲ့ အီတလီသံတမန်အရာရှိတွေအနေနဲ့ ဇာဂနာလွတ်မြောက်ရေးအတွက် ဝိုင်းဝန်းတောင်းဆိုပေးဘို့ တိုက်တွန်းရေးသားထားတဲ့ အိတ်ဖွင့်ပေးစာကို အီတလီနိုင်ငံခြားရေးဝန်ကြီးဆီကို ပေးပို့ခဲ့ပါတယ်။ ဒီလှုပ်ရှားမှုမှာ အီတလီနိုင်ငံသား ကမ္ဘာကျော်ဇာတ်ညွှန်းရေးသူတွေဖြစ်တဲ့ ၉ ကြိမ်မြောက်အကယ်ဒမီဆုရှင် Bernardo Bertolu Bellocchio နဲ့ Liliana Cavani တို့ဦးဆောင်ပါဝင်ပါတယ်။ ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင်ဒါရိုက်တာ Roberto Benigni ကိုယ်တိုင်လည်း သူ့ရဲ့ရုပ်ရှင် Tutto Dante ဖွင့်ပွဲမှာ ဇာဂနာလွတ်မြောက်ရေးအတွက် နိုင်ငံတကာပါဝင်လှုပ်ရှားဘို့ ပြောဆိုခဲ့ပါတယ်။

Benigni ရဲ့ရေးသားတဲ့ကဗျာတွေကိုလည်း ကိုဇာဂနာအနေနဲ့ အလွန်အင်မတန်နှစ်ခြိုက်တယ်လို့သိရပါတယ်။ 100 Autori အဖွဲ့ကြီးမှာ အီတလီရုပ်ရှင်လောကက အဖွဲ့ဝင် ၃၀၀ ကျော်ပါဝင်ပြီး ပြီးခဲ့တဲ့လက Rome မြို့မှာကျင်းပခဲ့တဲ့အဖွဲ့ရဲ့ ပထမဦးဆုံးအကြိမ်အစည်းအဝေးမှာ ထောင်ဒဏ်နှစ်ပေါင်းများစွာကျခံနေရတဲ့ ဇာဂနာကို ဂုဏ်ပြုတဲ့အနေနဲ့ အဖွဲ့ရဲ့မူရင်းနာမည်အစား ဇာဂနာဆိုပြီးပြောင်းဘို့ အဖွဲ့တွင်းသြဇာရှိသူတချို့က အဆိုပြုခဲ့ကြပါတယ်။

---

**တဘက်မှ**

လာဘ်စားမှုက ထိုတိုးတက်မှုများကို အဟန့်အတား ဖြစ်စေသည်။ ပလိုင်းပေါက်နှင့် ဖားကောက်သကဲ့သို့ ကြိုးစားသလောက် အရာမထင်ဖြစ်တတ်သည်။

အင်ဒိုနီးရှားတွင် မဲဆန္ဒရှင်ပြည်သူများ စိုးရိမ်ကြောက်လန့်စရာမလိုပဲ မဲပေးနိုင်ကြသကဲ့သို့ နောက်ထပ် သိသာထင်ရှားသည့်ပြောင်းလဲမှုတခုမှာ မီဒီယာ၏အခန်းကဏ္ဍဖြစ်သည်။ မီဒီယာသည် အင်ဒိုနီးရှားလူ့အဖွဲ့အစည်းတခုလုံးကို လေ့လာစောင့်ကြပ်ကြည့်ရှုသူ Watch Dog ဖြစ်လာသည်။ ခေါင်းဆောင်များ၏ လုပ်ရပ်များ၊ ပေါ်လစီများကိုမေးခွန်းများထုတ်၊ ဝေဖန်မှုပြု စသည့်လုပ်ဆောင်ချက်များကို ပြည်သူလူထုအကျိုး၊ ပြည်သူလူထုဘက်မှရပ်တည်လုပ်ဆောင်လာနိုင်ပေပြီ။ နိုင်ငံရေးအခြေအနေနှင့် နိုင်ငံရေးသမားများကို ပြက်လုံးထုတ်လာကြသည်။

မီဒီယာလွတ်လပ်ခွင့်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတိုးတက်ရေးနှင့် ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ ဒီမိုကရေစီအခြေခံများခိုင်မာရေးအတွက် ပဓာနကျသောနေရာမှပါဝင်သည်။ အကြောင်းမှာ ၄င်းသည် လူထုအား အသိပညာပေးသည်၊ ဗဟုသုတပေးသည်၊ လမ်းညွှန်ပေးသည်၊ သတင်းအချက်အလက်များပေးသောကြောင့်ဖြစ်သည်။

၂၀၀၇ ခုနှစ်တွင် နိုင်ငံပိုင်သတင်းဌာနဖြစ်သည့် Antara မှ ထုတ်ပြန်ခဲ့သောအစီရင်ခံစာတစောင်၌ အင်ဒိုနီးရှားတနိုင်ငံလုံးတွင် သတင်းစာဂျာနယ်စုစုပေါင်း ၈၀၀ ခန့်ပုံနှိပ်ထုတ်ဝေနေပြီဟု ဖော်ပြထားသည်။ လွန်ခဲ့သည့် ၁၀ နှစ်ကထက် ၄ ဆ ပိုများလာသည်ဟု Antara က ဆိုသည်။

နိုင်ငံရေးလှုပ်ရှားသူများ၊ လူမှုရေးလှုပ်ရှားသူများသည်လည်း ၄င်းတို့အလေးပေးအာရုံစိုက်ရာအရေးကိစ္စများကို စိုးရိမ်ကြောက်ရွံ့စရာမလိုပဲ လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်လာနိုင်ပြီဖြစ်သည်။ လူ့အခွင့်အရေးကော်မရှင်များ၊ အဖွဲ့များ၊ ဥပဒေရေးရာထောက်ပံ့ကူညီရေးအဖွဲ့များပေါ်ထွန်းလာပြီး ကာကွယ်စောင့်ရှောက်မှု၊ ကူညီထောက်ပံ့မှုများကို ပေးနေပြီဖြစ်သည်။ ဆူဟာတိုလက်ထက်က ဖိနှိပ်သောအက်ဥပဒေများကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ချိန်မှစ၍ လှုပ်ရှားသူများကိုဖိနှိပ်မှုများ သိသိသာသာချည်းလျော့ကျလာသည်။ ဤသည်မှာ စစ်တပ်အား နိုင်ငံရေးလောကမှ ထွက်ခွာသွားရန်လုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ဆူဟာတိုလက်ထက်တွင် စစ်တပ်အား နိုင်ငံရေးလောကအတွင်း ဆွဲသွင်းထားပြီး နိုင်ငံရေးအရ အထူးအခွင့်အရေးများပေး၊ အခွင့်အလမ်းများ ဖန်တီးထားခဲ့ခြင်းကြောင့် စစ်တပ်က နိုင်ငံရေးကိုလွှမ်းမိုးချယ်လှယ်ထားသည်။ စစ်တပ်က နိုင်ငံရေးတွင် ပါဝင်နေခြင်းသည် ဒီမိုကရေစီအခြေခံအုတ်မြစ် တောင့်တင်းခိုင်မာစွာတည်ဆောက်ရေးတွင်အဟန့်အတားဖြစ်စေသည်ကို အင်ဒိုနီးရှားပြည်သူများ၊ နိုင်ငံရေးသမားများ၊ စစ်တပ်ခေါင်းဆောင်များက သိရှိ လက်ခံထားသောကြောင့် စစ်တပ်ကို နိုင်ငံရေးလောကအတွင်းမှဆွဲထုတ်သွားနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် အင်ဒိုနီးရှားစစ်တပ်နှင့် စစ်တပ်ခေါင်းဆောင်များသိက္ခာတိုးတက်လာသည်၊ လူထု၏လေးစားမှုကိုရရှိနေပြီဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အင်ဒိုနီးရှား၏ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အသိအမှတ်ပြုလာသည်။ အင်ဒိုနီးရှားနိုင်ငံ၏နိုင်ငံရေးဂုဏ်သိက္ခာတက်လာနေပြီဆိုသည့်အချက်ကို ဒေသတွင်းအရေးကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းက အင်ဒိုနီးရှား၏တုံ့ပြန်မှု၊ သဘောထားမည်သို့ရှိသည်ကို စောင့်ကြည့်နေခြင်းက ပြသနေသည်။

အင်ဒိုနီးရှားပြည်သူများသည် လွတ်လပ်စွာပြောဆိုခွင့်ကို သတ္တိရှိရှိဖြင့် စည်းကမ်းရှိရှိဖြင့် လက်တွေ့အသုံးချလာသည်ကိုလည်းတွေ့ရသည်။ အစိုးရကိုယ်တိုင်ကလည်း လူထု၏သဘောထားအမြင်များကို ပို၍အလေးထားလာသည်၊ ပြည်သူလူထုအတွက် ပို၍တာဝန်ခံလာသောအစိုးရဖြစ်လာသည်။

အစိုးရတရပ်၏အခြေခံအကျဆုံးလုပ်ငန်းတာဝန်တရပ်ဖြစ်သည့် လူထု၏သဘောဆန္ဒကိုထင်ဟပ်ရမည်၊ လူထုအတွက်ဖြစ်ရမည်ဆိုသည်ကို အင်ဒိုနီးရှားအစိုးရက အကောင်အထည်ဖော်နေသည်ကို ဤသည်က ဖော်ပြနေသည်။

ထိုသို့သောအခြေအနေများက အင်ဒိုနီးရှား၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသည် စည်းဝါးညီ သံစဉ်ကိုက်ရန် ကြိုးပမ်းလှုပ်ရှားကခုန်နေသည်ကို ပြသနေသည်။ ပထဝီဝင်အနေအထားအရ ကျယ်ပြန့်စွာတည်ရှိနေမှု၊ လူမျိုးစုအရ ဓလေ့ထုံးတမ်းအစဉ်အလာအမျိုးမျိုးကွဲပြားနေမှု၊ ဆယ်စုနှစ်ပေါင်းများစွာ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင်နေခဲ့ရမှု စသည့်အကြောင်းရင်းပေါင်းများစွာတို့က အင်ဒိုနီးရှားပြည်သူများအတွက် ဒီမိုကရေစီကို သံစဉ်ညီ ကခုန်ရန်မှာ ၁၀ နှစ်တာကာလနှင့် မဖြစ်နိုင်သည်ကို သိရှိကြသည်။

သို့သော်လည်း ၄င်းတို့သည် ဒီမိုကရေစီသံစဉ်နှင့်အညီ လှလှပပ ညီညီညာညာကခုန်နိုင်မည်ဟု မျှော်လင့်ထားသည်။ ဤသည်ကပင် အင်ဒိုနီးရှားပြည်သူပြည်သားများသည် အနာဂတ်အတွက် မျှော်လင့်ချက်ရှိနေပြီဆိုသည်ကို ယုံကြည်ထားကြောင်း ဖော်ပြနေပေသည်။

# တိုင်းရင်းသားအခွင့်အရေး နှင့် ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေ

**ဦးအောင်ထူး**

မြန်မာနိုင်ငံရှေ့နေများကောင်စီ အတွင်းရေးမှူး

ရှမ်းဒီမိုကရက်တစ်ယူနီယံရဲ့အတွင်းရေးမှူးဖြစ်တဲ့ စိုင်းဝမ်စိုင်းက သတင်းဌာနတခုနှင့်ဆွေးနွေးခန်းမှာ အပစ်အခတ်ရပ်စဲရေးအဖွဲ့အစည်းတခုဖြစ်တဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ SSPP ဟာ နအဖရဲ့ ၂၀၁၀ ခုနှစ်မှာ ကျင်းပမယ့် ရွေးကောက်ပွဲကိုဝင်ဖို့ ပြင်ဆင်နေတယ်ဆိုတဲ့ သတင်းရကြောင်း ပြောသွားတယ်။ ဒါကို ကြားရတော့များစွာ အံ့ဩ မိပါတယ်။ ဘာကြောင့်လဲဆိုတာကို အကြောင်းနှစ်ချက်နဲ့ တင်ပြလိုပါတယ်။ ပထမအချက်ကတော့ ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအပါအဝင် မတရားတဲ့ ဥပဒေတွေကို အသုံးပြုပြီး နအဖ ဗိုလ်ချုပ်တွေရဲ့ လက်ကိုင်တုတ်ရုပ်ပြတရားရုံးတွေကနေ ရှမ်းအမျိုးသားခေါင်းဆောင် ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင်တွေကို ထောင်ဒဏ် ၇၅ နှစ်ကနေ ၁၀၆ နှစ် အထိချထားတာ ပူပူနွေးနွေးပဲ ရှိပါသေးတယ်။

ဒုတိယအချက်က နအဖ ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်မှာ ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ အပါအဝင် မတရားတဲ့ ဥပဒေတွေ ဆက်ရှိနေဦးမှာဖြစ်တဲ့အပြင် လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ပေါ်လာဖို့ဆိုတာ အိပ်မက်တောင် မက်လို့မရနိုင်သေးပါဘူး။ ဒါကြောင့် ရှမ်းပြည်တိုးတက်ရေးပါတီ ခေါင်းဆောင်တွေအပါအဝင် တနိုင်ငံလုံးမှာရှိတဲ့ ဘယ်နိုင်ငံရေးခေါင်းဆောင်မဆို ဦးခွန်ထွန်းဦးတို့ရဲ့ ကံကြမ္မာမျိုး ကြုံတွေ့ရဦးမှာ မလွဲကေန်ပဲဖြစ်ပါတယ်။

ဒီအကြောင်းနှစ်ချက် ကြားထဲကနေ စစ်အုပ်စုထိပ်သီးတွေ နန်းသိမ်းပြီး တရားဝင်အစိုးရရယ်လို့ ရာဇာဘိသိက်မြောက်မယ့်ပွဲမှာ ရှမ်းအမျိုးသားရေးတွေအတွက်တိုက်ပွဲဝင်နေပါတယ်ဆိုတဲ့အဖွဲ့အစည်းတရပ်က ခရာသင်းဝင်မှုတ်ပေးဦးမယ်ဆိုတာမျိုးကတော့ မဖြစ်သင့်တာအမှန်ပါပဲ။ အပစ်အခတ်ရပ်စဲရေး လုပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းတွေအတွင်းမှာ နအဖ ရဲ့ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြတ်ပြတ်သားသားဆန့်ကျင်သွားမယ့်အဖွဲ့အစည်းကြီးတွေရှိလာသလို၊ နအဖနဲ့ပူးပေါင်း အကျိုးစီးပွားမျှဝေဖို့ကြိုးစားရင်း ၂၀၁၀ ရွေးကောက်ပွဲနဲ့ လက်တွဲသွားမယ့် အဖွဲ့အစည်းငယ်တွေလည်းရှိနေပါတယ်။

ဒီလို ဘာကြောင့်ဖြစ်တာပါလဲ။ အထက်ကသတင်းဌာနရဲ့ ဆွေးနွေးခန်းမှာပါဝင်ဆွေးနွေးသူတဦးက နအဖနဲ့ပူးပေါင်းပြီး ရွာစားကြီး၊ မြို့စားကြီးလုပ်စားချင်သူတွေရှိနေတယ်လို့ ပြောင်ထောက်ပြဝေဖန်သွားပါတယ်။ တကယ်တော့ မိမိတို့ တိုင်းရင်းသားလူမျိုးတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရရှိဖို့ နိုင်ငံရေးအရ ရိုးရိုးသားသားကြိုးစားနေကြတဲ့ ခေါင်းဆောင်တွေ အတွက်ကတော့ ဒီဝေဖန်ချက်ဟာ အရှိုက်ကို ထိုးနှက်လိုက်သလိုပါဘဲ၊ ဒါပေမယ့် အဲဒီခေါင်းဆောင်တွေအနေနဲ့ မိမိတို့တိုင်းရင်းသားလူမျိုးတွေအတွက် နိုင်ငံရေးအရ ရသလောက်အကွက်ကလေးတွေကိုယူပြီး လုပ်သွားနိုင်ဖို့ ၂၀၁၀ ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်တာဖြစ်ပါတယ်ဆိုတဲ့ အဖြေလောက်နဲ့ မလုံလောက်တော့ပါဘူး။

၂၀၁၀ ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်နေကြတဲ့ ခေါင်းဆောင်တွေ၊ ပါတီအဖွဲ့အစည်းတွေ အနေနဲ့ နအဖရဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကိုကိုင်ပြီး နိုင်ငံသားတဦးချင်းစီရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ၊ တိုင်းရင်းသားလူမျိုးတမျိုးချင်းစီရဲ့တန်းတူရေးနဲ့ကိုယ်ပိုင်ပြဌာန်းခွင့်တွေ ရရှိအောင်ဘယ်လိုလုပ်ပြီး ဖော်ဆောင်သွားမယ်ဆိုတာကို ဥပဒေအကိုး အကားအချက်အလက်တွေ ခိုင်ခိုင်မာမာနဲ့ လူထုကြီးတရပ်လုံးကို ရှင်းလင်းဆွေးနွေးပြဖို့လိုအပ်လာပါတယ်၊ မြန်မာနိုင်ငံ နိုင်ငံရေးအပြောင်းအလဲမှာ အခရာကျတဲ့ အခန်းကဏ္ဍကနေပါဝင်လာနေတဲ့ သတင်းဌာနတွေအနေနဲ့လည်း သည်လိုခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေကို စနစ်တကျမေးမြန်းသင့်တဲ့ အချိန်ရောက်လာပါတယ်။ တချို့ကပြောကြပါတယ်၊ နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပေါ်မလာသေးတော့ နိုင်ငံရေးပါတီတွေဘယ်လိုအနေအထားနဲ့ ဖွဲ့စည်းလှုပ်ရှားသွားမယ်ဆိုတာ ပြောလို့မရသေးပါဘူးတဲ့။

ဒီစကားဟာ နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပေါ်လာရင် တခုခုကောင်းတာကလေးတွေများပါနိုင်မလားဆိုပြီး မဝံ့မရဲမျှော်လင့်နေတဲ့ သဘောဆောင်နေပါတယ်။ မြန်မာမှာ ဆိုရိုးတခုရှိပါတယ်၊ ဆင်ကြီးကိုယ်တိုင်ကို တွေ့နေပြီးမှဆင်ခြေရာကို ရှာနေဖို့လိုသေးသလား ဆိုတဲ့ စကားပါဘဲ။ တကယ်တော့ နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဆင်ကြီးပါ။ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမှီပြုပြီး ပြဌာန်းပေးရမယ့် နိုင်ငံရေးပါတီ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေဟာ ဆင်ခြေရာသာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးတခုလုံးကို တွေ့နေပြီးဖြစ်ပါလျက်နဲ့နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကိုမျှော်နေသေးတာဟာ ဘာသဘောဆောင်ပါသလဲ။ အရုပ်ဆိုးအကျည်းတန်လှတဲ့ ဆင်ကြီးတကောင်လုံးကို တွေ့နေပါလျက်နဲ့ မသိချင်ယောင်ဆောင်ထားတဲ့သူ၊ ဆင်ခြေရာလှလှကလေးများ တွေ့ရရင်တော့ အဲဒီခြေရာပိုင်ရှင် ဆင်ကြီးဟာလည်း ခန့်ညားလှပမှာပဲလို့ ပြောနေတဲ့သူနဲ့မခြားဖြစ်နေပါပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အမိကကျတဲ့ ပင်မဖြစ်ပါတယ်။

နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအပါအဝင် တပြည်လုံးမှာရှိတဲ့ အခြားဥပဒေမှန်သမျှဟာ ဖွဲ့ စည်းပုံအခြေခံဥပဒေရဲ့ အကိုင်းအခက်တွေသာဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို စတင်အတည်ပြုကျင့်သုံးတဲ့ အချိန်ကစလို့ သူနဲ့ဆန့်ကျင်တဲ့ တပြည်လုံးရှိ ဥပဒေမှန်သမျှကို ဥပဒေပြုလွှတ်တော်ကဖျက်သိမ်းခွင့်ရှိသွားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာပြီးနောက်မှာ နောင်ကို ဆက်လက်ပြဌာန်းမယ့် ဥပဒေမှန်သမျှဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်လို့မရပါဘူး။ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ ပြဌာန်းချက်ကတမျိုး၊ နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပြဌာန်းချက်က တဖုံလုပ်လို့ မရပါဘူး။ ဒီလို လုပ်ရင် နအဖဟာ ပြည်တွင်းမှာသာမက နိုင်ငံတကာမှာပါ သောက်သောက်လဲ အရှက်ကွဲမယ့် ကိန်းနဲ့ကြုံရမှာမုချဖြစ်ပါတယ်။

နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၁၀ နိုင်ငံရေးပါတီများ အခန်းမှာ နိုင်ငံရေးပါတီများဖွဲ့စည်းခြင်းဆိုတာပါ ရှိပြီးဖြစ်ပါတယ်။ ပုဒ်မ ၄၀၇ မှာ အောက်ပါအတိုင်း အတိအလင်း ဖော်ပြထားတယ်။ နိုင်ငံရေးပါတီ တရပ်သည် (က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ ကို ဦးတည်ချက် အဖြစ်ထားရှိရမည်။ နအဖအနေနဲ့ နိုင်ငံရေးပါတီ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို အသေးစိတ်ထပ်မံပြဌာန်းပေးမယ်ဆိုရင်လည်းအခြေခံ ဥပဒေရဲ့ အထက်ပါပြဌာန်းချက်နဲ့ ကင်းလွတ်လို့မရပါဘူး။ အသစ်ပေါ်လာမယ့် နိုင်ငံရေးပါတီဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေမှာ သည်အချက်ကို ထပ်မံထည့်သွင်းပြဌာန်းပေးရမှာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံတနိုင်ငံလုံးမှာရှိတဲ့ နိုင်ငံရေးပါတီမှန်သမျှဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတွေကို ဦးတည်ချက်အဖြစ်ထားရှိရတော့မယ်ဆိုတာဟာ ရှင်းနေတဲ့အချက်ပါ။ ဒီဖွဲ့ စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆောင်းပါးတွေကို ပုံမှန်နားထောင်တဲ့ သောတရှင်တွေဆီက အကြံပေးချက် တချို့ရရှိပါတယ်။ အဲဒီအထဲမှာ တရပ်ကတော့ နအဖရဲ့ ဖွဲ့ စည်းပုံအခြေခံဥပဒေကို သုံးသပ်ဝေဖန်တဲ့နေရာမှာ အခြားတိုင်းပြည်တွေက ဖွဲ့ စည်းပုံအခြေခံဥပဒေတွေနဲ့ နှိုင်းယှဉ်ပေးဖို့ ဆိုတဲ့အချက်ပါ။ စာရေးသူအနေနဲ့ လည်း ဒီအကြံပေးချက်ကို ဂရုထားပြီးဖြစ်နိုင်

**စာမျက်နှာ ၁၀ သို့**

**မတ် ၂၁၊ DVB**။။ ဇာဂနာ၏မိခင် သခင်မကြီးဒေါ်လှကြည်(ကလောင်အမည်ကြည်ဦး) ၏ရုပ်အလောင်းကို နိုင်ငံတော်သြဂုဏ်ပြုသဂြိုဟ်ခဲ့၏။ ဒေါ်အောင်ဆန်းစုကြည်မှလည်း ပန်းခွေပို့ခဲ့၏။

**မတ် ၂၃၊ DVB**။။ မစုစုနွေးသည် ကလေးအကျဉ်းထောင်တွင်း တဦးတည်းလမ်းပင်မလျှောက်နိုင်ကြောင်း မျက်မြင်ထောင်ဝင်စာတွေ့ သူတဦးမှဆို၏။

**မတ် ၂၃၊ DVB**။။ မတ်၂၇ ဖက်ဆစ်ဆန့်ကျင်ရေးနေ့အကြိုအဖြစ် ဒီမိုကရေစီရရေးတွင် ပူးပေါင်းပါဝင်ရန် တပ်မတော်သားများအား အမေရိကအခြေစိုက်အာဏာရှင် စနစ်ဆန့်ကျင်ရေး လူထုလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့နှင့် မြန်မာပြည်လွတ် မြောက်ရေးအဖွဲ့ချုပ်တို့မှ တိုက်တွန်း၏။

**မတ် ၂၃၊ Mizzima**။။ ပြည်ထောင်စုနေ့တွင် ထောင်တွင်း အခြားနိုင်ငံရေးအကျဉ်းကျ ၃ ဦးနှင့်အတူ အရိုက်ခံခဲ့ရသူ တောင်ကုတ်မှနိုင်ငံရေးအကျဉ်းကျ မောင်မောင်သက် (၂၀နှစ်)သည် လေဖြတ်ကာ ခြေလက်များမလှုပ်နိုင်ကြောင်း AAPP-B မှ ဦးဘိုကြည်မှဆို၏။

**မတ် ၂၃၊ Irrawaddy**။။ ကုလ–အာဆီယံ–မြန်မာ သုံးပွင့်ဆိုင်အဖွဲ့ TCP ၏ နအဖကိုယ်စားလှယ်သစ်အဖြစ် ဦးကျော်သူအားခန့်အပ်လိုက်၍ သူသည် နအဖအစွန့် ရှည်ရေးကို ပြည်သူ့အသက်အန္တရာယ်ထက်အရေးထားပါက မုန်တိုင်းကျလျှင် မြန်မာပြည်သူအတွက် အန္တရာယ်ဖြစ်ကြောင်း TCP ဝင်များစွာမှ ပူနေ၏။

**မတ် ၂၃၊ Time Mag.**။။ မြန်မာတွင် ရွေးကောက်ပွဲ မဲတမဲမှမပေးရသေးမီပင် ရွေးကောက်ပွဲလိမ်လည်မှုများသည် အစပြုနေသည်ဟု Time စာစောင်တွင် Hannah Beech မှ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်တွင် နိုင်ငံအမိကရာထူးများကို စစ်တပ်အတွက် ရာထားသည့်အချက်များကို ထောက်ပြ သတင်းသုံးသပ်၏။

**မတ် ၂၃၊ TNA**။။ မြန်မာနအဖနှင့် ဆွေးနွေးညှိနှိုင်းရန် ကေအင်ယူအား ထိုင်းမှတိုက်တွန်းရန် နအဖအား ကတိပေးထားကြောင်း ထိုင်းဝန်ကြီးချုပ်မှ ဆို၏။

**မတ် ၂၃၊ DVB**။။ နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်တိုက်ဖျက်သွားမည်ဟု မြန်မာနိုင်ငံဒီမိုကရက်တစ် အင်အားစု(အက်ဖ်ဒီဘီ)မှ ထုတ်ပြန်၏။

**မတ် ၂၃၊ Philippine Star**။။ အာဆီယံသို့ မြန်မာဌာနေကိုယ်စားလှယ် ဦးဉာဏ်လင်းသည် အာဆီယံအတွင်းရေးမှူးချုပ် Surin ထံ ခန့်အပ်လွှာအပ်နှံ၏။

**မတ် ၂၃၊ Rtrs**။။ ဒလိုင်းလားမားအား ပြည်ဝင်ခွင့်ဗီဇာမပေး၍ နိုဘဲလ်ဆုရှင်များစွာသည် တောင်အာဖရိကဆွေးနွေးပွဲသို့ မတက်တော့ရန် ဆန္ဒပြ၏။

**မတ် ၂၄၊ DVB**။။ တွံတေးအဲန်အဲလ်ဒီမှ လူငယ် ၃ ဦးနှင့် လုပ်ငန်းရှင်ဦးခင်ဇော်တို့အား ညှော်စာရင်းမတိုင်မှုဖြင့် တရားရုံးမှ ထောင်ဒဏ် ၇ နှစ်စီ ချမှတ်ခဲ့ကြောင်း။

**မတ် ၂၄၊ UN**။။ ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားခြင်းသည် အပြည်ပြည်ဆိုင်ရာဥပဒေအရသော်၄င်း၊ မြန်မာဥပဒေအရသော်၄င်း တရားမဝင်ကြောင်း ကုလသမဂ္ဂမှ ယနေ့ မတ် ၂၄ တွင် ထုတ်ပြန်ကြေညာ၏။

**မတ် ၂၄၊ RGN-AP**။။ မတ် ၈–၂၀ မြန်မာကျောက်မျက်ရတနာပြပွဲရောင်းရငွေသည် ဒေါ်လာ ၁၉၁ သန်းရပြီး အခွန်သည် ၁၀ ရာနှုန်းခန့်ရှိကြောင်း။

**မတ် ၂၄၊ AFP**။။ ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခွင့်ရရန်နှင့် ပါတီဝင်များစည်းဝေးတွေ့ခွင့်ရရန် အဲန်အဲလ်ဒီမှ နအဖစစ်အဖွဲ့သို့မတ်၂၃ တွင်တောင်းဆို၏။

**မတ် ၂၄၊ AFP**။။ ကေအင်ယူနှင့် နအဖဆွေးနွေးရေးတွင် ထိုင်းအကူအညီကို နအဖမှ တောင်းခံနေ၏။

**မတ် ၂၄၊ SPR-Rtrs**။။ အာရှပစိဖိတ်ဆွေးနွေးပိုနီးလာ၍ လူထုစည်းရုံးမှုတင်းကျပ်သော စက်ာပူသည် လှုပ်ရှားများတွင် ရဲခွင့်ပြုချက်ရယူရန်နှင့် အချို့ပုဂ္ဂိုလ်များအား အိမ်တွင်းမှ မထွက်စေရန်ပြုခြင်းစသည့် ပိုမိုတင်းကြပ်သည့် အမိန့်ဥပဒေထုတ်ပြန်ရန် ဆွေးနွေးနေ၏။

**မတ် ၂၄၊ Times Online**။။ KNU သည် နအဖအား ခံစစ်သာလုပ်နိုင်ပြီး အားနည်းလာရာ တော်လှန်ရေးသည် အရှိန်ရပ်သွားနိုင်ကြောင်း R. Parryမှသုံးသပ်၏။

**မတ် ၂၄၊ NZ**။။ ဒေါ်အောင်ဆန်းစုကြည်အား ချုပ်ချယ်ထားခြင်းသည် အပြည်ပြည်ဆိုင်ရာဥပဒေအရသော်၄င်း၊ မြန်မာဥပဒေအရသော်၄င်း တရားမဝင်ကြောင်း ကုလထုတ်ပြန်ချက်ကို နယူးဇီလန် လောဘာပါတီမှ ကြိုဆိုကြောင်း ကြေညာ၏။

**မတ် ၂၄၊ Nation,BKK**။။ အဲန်အဲလ်ဒီအတွက် အင်တာနက်လိပ်စာလုပ်သူသည် နအဖ၏ဖမ်းဆီးနှိပ်ကွပ်ခြင်းမလွဲမသေခံရမည်ဟု ဦးဉာဏ်ဝင်း(အဲန်အဲလ်ဒီ)မှ ဆိုကြောင်း ၊ ကမ္ဘာတွင် တယ်လီဖုံးနှင့် အီးမေးလ်လိပ်စာမရှိသော တခုတည်းသော နိုင်ငံရေးပါတီသည် မြန်မာမှ အဲန်အဲလ်ဒီဖြစ်မည်ဟု စာရေးသူ ထက်အောင်ကျော်မှ ပြောဆို၏။

**မတ် ၂၄၊ Irrawaddy**။။ ရင်ရင်ပိုင်း၊ တင်တင်ချို၊ မြတ်သူ၊ နီမိုးလှိုင် (ကျောင်းသား ၄ ဦး)၊ အဲန်အဲလ်ဒီမှ ထက်ထက်အိုးဝေ၊ ဝင်းမြင့်မောင်၊ ထွန်းထွန်းဝင်းတို့ အပါအဝင် နာဂစ်မုန်တိုင်းတွင် ကူလှူလုပ်အားပေးခဲ့သူ နိုင်ငံရေးလှုပ်ရှားသူ ၁၃ ဦးအား အင်းစိန်ထောင်တွင်း အထူးတရားရုံးသည် ပြစ်ဒဏ်များ ချမှတ်စီရင်ခဲ့၏။

**မတ် ၂၄၊ Mizzima**။။ မိမိတို့သည် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ရန်မည်သည့် နအဖ၏ဖိအားကိုမျှ လက်ခံမည်မဟုတ်ကြောင်း ကေအင်ယူမှဆို၏။

**မတ် ၂၄၊ Irrawaddy**။။ ကေအင်ယူမှ မိမိတို့အဖွဲ့ သည် နအဖနှင့် ဆွေးနွေးရန်ဖြစ်နိုင်သော်လည်း မြန်မာမြေတွင် မဖြစ်နိုင်ဟု ဆို၏။

**မတ် ၂၅၊ DVB**။။ လူထုအားနှိပ်ကွပ်ပြီး နာဂစ်မုန်တိုင်းဒုက္ခသည်များသို့အကူနှောင့်နှေးစေသူ ဗိုလ်ချုပ်သန်းရွှေသည် ကမ္ဘာ့နံပါတ် ၄ အဆိုးဆုံးအာဏာရှင်ဟု Parade မဂ္ဂဇင်းမှ ဆို၏။

**မတ် ၂၅၊ DVB**။။ ဝမ်းတွင်းအဲန်အဲလ်ဒီဥက္ကဌဟောင်း ကွယ်လွန်သူဦးလှအောင်၏ အရိုးအုပ်ဂူကို အာဏာပိုင်များမှ ဖျက်ဆီးခဲ့စေခဲ့ကြောင်း။

**မတ် ၂၅၊ JKT**။။ အာဆီယံ၏အတွင်းဝန်ရုံး ဖွဲ့စည်းပုံကို ပြောင်းလဲကာ အီးယူပုံစံ မဏ္ဍိုင် ၄ ခု ခွဲဖွဲ့စည်းခဲ့၏။

**မတ် ၂၅၊ RGN-AFP**။။ အမေရိကန်နိုင်ငံခြားရေးဌာနမှ Stephen Blake သည် နအဖနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့် နေပြည်တော်တွင်တွေ့ကြောင်း မြန်မာ့အလင်းမှဆို၏။ ထို့နောက် အဲန်အဲလ်ဒီမှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း (အဲန်အဲလ်ဒီ) နှင့် လည်းတွေ့ခဲ့၏။

**မတ် ၂၆၊ AFP**။။ မြောက်ဥက္ကလာတည်းခိုခန်းတခုတွင် ဗုံးပေါက်ရာ ယောက်ျားတဦးသေဆုံး အမျိုးသမီး ၂ ဦးဒဏ်ရာရကြောင်း နအဖသတင်းများမှဆို၏။

**မတ် ၂၆၊ Nasdaq**။။ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနမှအထက်တန်း အရာရှိတဦးသည် နအဖနှင့်တွေ့ဆုံခဲ့ခြင်းသည် အမေရိကန်သည် မြန်မာအပေါ် မူ

**စာမျက်နှာ ၁၂ သို့**

# နအဖစစ်အုပ်စုစီမံသည့် ရွေးကောက်ပွဲကို ဆန့်ကျင်မည်ဟု အက်ဖ်ဒီဘီ ကြေညာ

**DVB ၊ မတ်လ ၂၇ ။** ။ နအဖစစ်အုပ်စုက ၂၀၁၀ မှာကျင်းပမယ့် ရွေးကောက် ပွဲကို ဆန့်ကျင်တိုက်ဖျက်သွားမယ်လို့ မြန်မာနိုင်ငံဒီမိုကရက်တစ် အင်အားစု (အက်ဖ်ဒီဘီ)က ထုတ်ဖော်ပြောကြားပါ တယ်။

ဒီလ ၁၈ ရက်ကနေ ၂၂ ရက်အထိ ထိုင်း–မြန်မာနယ်စပ်တနေရာမှာ ကျင်းပတဲ့ အက်ဖ်ဒီဘီ ဒုတိယအကြိမ်ညီလာခံအပြီးမှာ ဒီလိုကြေညာတာပါ။ စစ်အုပ်စုစီမံတဲ့ရွေးကောက်ပွဲကိုဆန့်ကျင်ရာမှာ ပြည်သူတွေနဲ့အတူ လက်တွဲ လုပ်ဆောင်သွားမယ်လို့ အက်ဖ်ဒီဘီအတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်က ပြောကြားပါတယ်။

"ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ၂၀၁၀ နဲ့ အသက်သွင်းဖို့ကြိုးစားနေတဲ့ကိစ္စက ကျနော်တို့ကို ပြီးခဲ့တဲ့ နှစ် ၂၀ ကာလတုန်းက ကြုံသလိုမျိုးစစ်ကျွန် ဆက်ဖြစ်နေဦးမှာပဲဆိုတဲ့ အသိပညာပေးမှုတွေ ကျနော်တို့လုပ်သွားမယ်။ ပြည်သူထဲကနေပြီးတော့မှ ကျနော်တို့ရဲ့အခွင့်အရေးတွေကို ကာကွယ်နိုင်ဖို့၊ တိုးမြှင့်နိုင်ဖို့အတွက်ကို နည်းလမ်းတွေဖော်ထုတ်ပြီးတော့မှ ကျနော်တို့တိုက်ပွဲဝင်သွားမယ်၊ ဖိနှိပ်မှုအားကြီးနေချိန်မှာတော့ လွတ်လပ်တဲ့နိုင်ငံတွေမှာလို ကျနော်တို့ရဲ့ အခွင့်အရေးတွေကို သေချာစွာ လုံလုံခြုံခြုံနဲ့တောင်းဆိုဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။"

စစ်အုပ်စုရဲ့ ဖိနှိပ်မှုအောက်မှာ ပြည်သူတွေ လက်တွေ့ဆောင်ရွက်ဖို့ ခက်ခဲတာမှန်ပေမယ့် ကိုယ့်အသိုက်အဝန်းမှာ ဖိနှိပ်မှု၊ မတရားမှုတွေကို လျစ်လျူမရှုဘဲ လက်တွဲကြိုးပမ်းရင် အောင်မြင်မှုပန်းတိုင်ကို ရောက်နိုင်ပါတယ်လို့လည်း ပြည်သူတွေ စုစည်းညီညွတ်ဖူးတဲ့ ရွှေဝါရောင်တော်လှန်ရေး၊ နာဂစ်မုန်တိုင်းလွန်ကာလ စတာတွေကို ရည်ညွှန်းပြီး ဒေါက်တာနိုင်အောင်က ပြောကြားပါတယ်။

"နာဂစ်ဖြစ်တုန်းကဆိုရင်လည်း ကျနော်တို့ပြည်သူတွေ စိတ်ထဲမှာနိုးကြားလာတယ်၊ တယောက်နဲ့တယောက်အပြန်အလှန်ကူညီရမယ်၊ ဒုက္ခ ရောက်နေတဲ့လူတွေကို ကူညီရမယ်ဆိုတဲ့ စိတ်မျိုးတွေ နိုးကြားလာသလိုပေါ့၊ အဲ့လိုနိုးကြားလာတဲ့ အဆင့်လေးတွေ ကျနော်တို့က တဖြည်းဖြည်းရှိလာတယ်ဆိုရင်တော့ ကျနော်တို့လိုချင်တဲ့ခရီးတော့ရောက်မှာပါ။ ဒါပေမယ့် ၂၀၀၉၊ ၂၀၁၀ တို့ပြောတဲ့ဘောင်ထဲက ဒီချိန်ထဲမှာ ဒါတွေဖြစ်ရမယ်ဆိုတာကတော့ ကျနော်တို့အားလုံးရဲ့ ဝိုင်းကြိုးစားမှုအပေါ်မှာပဲ မူတည်မှာပါခင်ဗျာ။"

နိုင်ငံရေးပြဿနာတွေအတွက် အဖြေမှန်တွေကို စစ်အုပ်စုက အကောင်အထည်မဖော်မချင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအပါအဝင် ရဟန်းရှင်လူတွေနဲ့အတူ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမိသားစုရဲ့ဝန်းရံမှုနဲ့အတူ ဆက်ပြီးလက်တွဲတိုက်ပွဲဝင်မယ်လို့ အက်ဖ်ဒီဘီက ထုတ်ဖော်ပြောကြားထားပါတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ အက်ဖ်ဒီဘီအပါအဝင် ဒီမိုကရေစီအင်အားစုတွေဟာ မြန်မာ့အိမ်နီးချင်း ထိုင်းနိုင်ငံမှာရပ်တည်လှုပ်ရှားနေရတာပါ။ နအဖစစ်အုပ်စုရဲ့ သွယ်ဝိုက်ဖိအားပေးမှုတွေကြောင့် လှုပ်ရှားရတာတွေ အကန့်အသတ် ပိုများလာနေချိန်လည်းဖြစ်ပါတယ်။ ဒီလိုအခြေအနေကြားမှာ ပြည်သူနဲ့လက်တွဲပြီး ၂၀၁၀ ရွေးကောက်ပွဲကို ဘယ်လိုဆန့်ကျင်နိုင်မလဲလို့မေးတော့ ဒေါက်တာနိုင်အောင်က အခုလိုဖြေကြားပါတယ်။

"ဒီကြားထဲမှာ ကျနော်တို့ရဲ့ဆောင်ရွက်မှုအခြေအနေတွေကို နားလည်မှုလွဲအောင် ကိုယ်ကျိုးစီးပွားအပေါ်မှာ မူတည်ပြီးတော့ ခလောက်ဆန်နေတဲ့ဟာလေးတွေတော့ရှိပါတယ်။ ကျနော်တို့အနေနဲ့တော့ ကြိတ်မှိတ်ပြီးတော့ ကျော်လွှားရတာပဲ၊ တော်တော်ခက်ခဲပါတယ် ဒါပေမယ့်လို့ ကျနော်တို့လိုချင်တဲ့ အနာဂတ်တွေကို ရောက်နိုင်ဖို့အတွက်က ဒီလိုအခက်အခဲတွေ ကျနော်တို့ကျော်ဖြတ်နေရမှာပဲ ကြိုးပမ်းဆောင်ရွက်နေရမှာပဲ။"

---

### မျက်နှာဖုံးမှ

ရဲ့ရည်ရွယ်ချက်ကတော့ လွှတ်တော်ပေါ်ပေါက်ရေး၊ လွှတ်တော်မပေါ်မီ လွှတ်တော်ကဲ့သို့ဆောင်ရွက်မယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်နဲ့ ရပ်တည်လာတဲ့အကြောင်း၊ ထို CRPP မှာပါဝင်တဲ့ နိုင်ငံရေးပါတီများ၊ ပုဂ္ဂိုလ်များနဲ့ဆက်လက်လှုပ်ရှားနေတဲ့အကြောင်း အဲဒါတွေကိုရှင်းပြတယ်"ဟု ဦးအေးသာအောင်က ပြောဆိုပါသည်။

ဦးအေးသာအောင်က "၂၀၁၀ ရွေးကောက်ပွဲကိုစဉ်းစားဘို့ဆိုတာ ၂၀၀၈ ခုနှစ်မှာ တဘက်သတ်လုပ်လိုက်တဲ့ဖွဲ့စည်းပုံကြောင့် အဲဒီဖွဲ့စည်းပုံကိုသာမပြင်ဘူး မဆွေးနွေးဘူးဆိုရင် ၂၀၁၀ ရွေးကောက်ပွဲကိုမဝင်ဘူး။ မစဉ်းစားကြဘူးဆိုတဲ့အကြောင်း ပြောပြလိုက်တယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအကြောင်းပြောကြတဲ့အခါမှာ ဘာကြောင့်လက်မခံလည်းလို့မေးတယ်။ အဓိကက အဲဒီဖွဲ့စည်းပုံဟာ သူတို့တဘက်သတ်လုပ်တယ်၊ နောက်တခုက ဒီမိုကရေစီလမ်းကြောင်းပေါ်ကို သွားမယ့်ဖွဲ့စည်းပုံမဟုတ်ဘူး၊ နောက်တခါ တိုင်းရင်းသားတွေလိုလားတဲ့ Right ကို ဖော်ဆောင်ပေးမယ့်ဖွဲ့စည်းပုံမဟုတ်ဘူး။ ပြီးတော့ ဒီဖွဲ့စည်းပုံဟာပြင်ဆင်လို့မရအောင်လုပ်ထားတဲ့ ဖွဲ့စည်းပုံဖြစ်တယ်။ ဒါကြောင့်မို့လို့ အဲဒီဖွဲ့စည်းပုံကိုလက်မခံဘူးလို့ ရှင်းပြလိုက်တယ်"ဟု CRPP နှင့်တိုင်းရင်းသားပါတီများ၏ဖွဲ့စည်းပုံနှင့် ရွေးကောက်ပွဲအပေါ် ဆွေးနွေးမှုများကိုရှင်းပြပါသည်။

အမေရိကန်နိုင်ငံခြားရေးဌာန အရှေ့တောင်အာရှညွှန်ကြားရေးမှူး Mr. Stephen Blake ဘက်မှ ဆွေးနွေးခဲ့မှုများနှင့်စပ်လျဉ်း၍ "သူတို့က Sanction နဲ့ပတ်သက်လို့ ပေါ်လစီနည်းနည်းပြောင်းချင်တယ်လို့ပြောတယ်၊ အဓိကက အစိုးရကိုသာထိခိုက်စေမယ်၊ နောက် အစိုးရနဲ့ပတ်သက်တဲ့ကုမ္ပဏီကြီးတွေကိုသာထိခိုက်စေမယ်၊ သာမန်ဆင်းရဲသားပြည်သူတွေကို အကျိုးရှိမယ့် Sanction မျိုးလုပ်ခဲ့မယ်ဆိုရင် အဲဒါကိုဘယ်လိုသဘောထားသလဲလို့မေးတယ်။ အဲန်ကယ်လ်တို့က ဒီလိုဆိုရင်တော့ လက်ခံနိုင်တယ်လို့ပြောလိုက်တယ်"ဟု ဦးအေးသာအောင် က ပြောပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ CRPP မှ ဦးအေးသာအောင်နှင့်အတူ ဦးနိုင်ငွေသိမ်း ဦးနိုင်ထွန်းသိမ်းတို့တက်ရောက်ခဲ့ကြသော်လည်း ဦးပုကျင့်ရှင်းထန်မှာခရီးလွန်နေသဖြင့် မတက်ရောက်ခဲ့ကြောင်းသိရပါသည်။ "သုံးဦးတည်းတက်တယ်ဆိုပေမယ့် တိုင်းရင်းသားပါတီတွေအနေနဲ့က အားလုံးဒီသဘောဘဲ။ သဘောတူညီချက်က တသဘောတည်းဘဲရှိတယ်။ ဖွဲ့စည်းပုံကိုပြင်ရမယ်၊ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ရမယ်၊ ဆွေးနွေးရမယ်၊ အဲလိုဟာတွေမလုပ်ဘူးဆိုရင်တော့ ၂၀၁၀ ရွေးကောက်ပွဲကိုမစဉ်းစားဘူး။ အားလုံးအတူတူဘဲ။ ဒီအချက်တွေကို တိုင်းရင်းသားပါတီတွေဘက်က ထုတ်ပြန်ပြီးပြီလေ"ဟု ဦးအေးသာအောင်က ပြောဆိုခဲ့ပါသည်။

---

### သတင်းပြက္ခဒိန်မှ

သဘောပြောင်းလဲခြင်းမဟုတ်ဟု နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Gordon Duguid မှဆို၏။

**မတ် ၂၆၊ NAYPYITAW ။ ။** တရုတ်–မြန်မာဆက်ဆံရေးကို အလေးထားကြောင်း မြန်မာရောက် တရုတ်ကွန်မြူနစ်ပါတီမှအဆင့်မြင့်အရာရှိ Li Changchun မှဆို၏။

**မတ် ၂၆ ၊ XNA ။ ။** မြန်မာတွင် ရုပ်မြင်လက်ကိုင်တယ်လီဖုံး 3-G WCDMA ကို စတင်သုံးမည်ဖြစ်ရာ လက်ဦး ၅၀၀၀ ခန့်စသုံးမည်ဟု ဆက်သွယ်ရေးဌာနမှဆို၏။

**မတ် ၂၆ ၊ Earthtimes ။ ။** ထောင်တွင်းအရိုက်ခံရကြောင်း မြန်မာကျောင်းသား (၂၄ ဦး)မှ တိုင်တမ်းချက်အရ စက်ဘ်ပူရဲမှ အရေးယူစစ်ဆေးနေ၏။

**မတ် ၂၇၊ DVB ။ ။** ရာသီအပြောင်းအလဲကြောင့် ဒီဗွီဘီသည် မတ် ၂၉–၂၀၀၉မှစ၍ အစီအစဉ်များကို အသံလွှင့်လှိုင်းပြောင်းလွှင့်မည်။

**မတ် ၂၇ ၊ DVB ။ ။** အမေရိကန် အာရှဆိုင်ရာ ထိပ်သီးအရာရှိ Stephen Blake သည် ဦးအေးသောင်အား CRPP အဖွဲ့ဝင်အဖြစ်တနာရီခန့်တွေ့ခဲ့၏။

# ဒေါ်ဝင်းမြမြကို မြစ်ကြီးနားထောင်ပြောင်း

**DVB ၊ မတ်လ ၂၃ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မန္တလေးတိုင်းစည်းရုံး ရေးကော်မတီဝင် ဒေါ်ဝင်းမြမြကို အာဏာပိုင်တွေက မန္တလေးအိုးဘိုထောင်ကနေ ကချင်ပြည်နယ် မြစ်ကြီးနာထောင်ကို မနေ့ကပို့လိုက်တယ်လို့ ကြားသိရကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောပါတယ်။

"ပြစ်ဒဏ်ကိုကျပြီးတဲ့အပြင်ကို နောက်ထပ်ပြစ်ဒဏ်တွေတိုးပြီးခံရအောင် ဆောင်ရွက်သလို မိသားစုပါအခက်အခဲပေါ့။ နောက်ထပ်ပြစ်ဒဏ်တိုးသလို ဖြစ်နေတာပေါ့။"

၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးကာလ မေတ္တာပို့ကြွချီတဲ့ သံဃာတော်တွေကို ထောက်ပံ့ကူညီခဲ့တဲ့ ဒေါ်ဝင်းမြမြအပါအဝင် မန္တလေးတိုင်းကအဖွဲ့ချုပ်ခေါင်းဆောင်တွေ၊ အဖွဲ့ဝင်တွေကို အာဏာပိုင်တွေက မနှစ်ကအောက်တိုဘာမှာ ဖမ်းဆီးပြီး နိုင်ငံတော်အကြည်ညိုပျက်စေမှု စတဲ့အမှုတွေနဲ့ တရားစွဲခဲ့ပါတယ်။ ဒေါ်ဝင်းမြမြကို အိုးဘိုထောင်တွင်းမှာ ရုံးထိုင်တဲ့ အောင်မြေသာစံမြို့နယ်တရားသူကြီးက ထောင်ဒဏ် ၁၂ နှစ် ချမှတ်ပါတယ်။

ဒေါ်ဝင်းမြမြနဲ့အတူ အရေးယူခံရသူတွေကတော့ အဖွဲ့ချုပ် မန္တလေးတိုင်း ဒု–ဥက္ကဋ္ဌ ဦးသန်းလွင်၊ တိုင်းစည်းရုံးရေးကော်မတီဝင် ဦးကံထွန်း၊ မိတ္ထီလာမြို့နယ်က ဦးတင်ကိုကို၊ မိုးကုတ်မြို့နယ်က ဦးမင်းသူ၊ ကျောက်ပန်းတောင်းမြို့နယ်က အဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် ကိုဝင်းရွှေတို့ဖြစ်ပါတယ်။

---

**ဦးအောင်ထူးမှ–**

သမျှနိုင်းယှဉ်ဖို့ကြိုးစားပါတယ်။ နိုင်ငံရေးပါတီတရပ်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်အဖြစ်ထားရှိရမယ်ဆိုတဲ့ ပြဌာန်းချက်မျိုးကိုလက်လှမ်းမှီသလောက် ဘယ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာမှရှာလို့မတွေ့နိုင်ပါဘူး၊ ဒီမိုကရေစီနိုင်ငံတွေမှာ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်တွေကို အခြေခံအားဖြင့် အာမခံပေးတဲ့ ပြဌာန်းချက်တွေသာ ထည့်သွင်းလေ့ရှိပါတယ်။ နိုင်ငံရေးပါတီတရပ်အနေနဲ့ ထားရှိရမယ့် ဦးတည်ချက် အတိအကျကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အပြီးအပိုင်ထည့်သွင်းပြဌာန်းပေးလိုက်တာကိုတော့ နအဖဖွဲ့ စည်းပုံတခုထဲမှာပဲ တွေ့ မြင်ရပါတယ်။

အပစ်အခတ်ရပ်စဲရေးလုပ်ထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေအနေနဲ့ ရွေးကောက်ပွဲကိစ္စကို စဉ်းစားတဲ့အခါမှာ မူလတုန်းက မိမိတို့ပါတီအသီးသီးကိုင်စွဲထားခဲ့တဲ့ ဦးတည်ချက်တွေကို နအဖရဲ့ဖွဲ့စည်းပုံပြဌာန်းချက်ပါအတိုင်း ပြောင်းလဲသတ်မှတ်နိုင် မနိုင် အဓိကသုံးသပ်ဖို့ လိုအပ်လာပါတယ်၊ တိုင်းရင်းသား နိုင်ငံရေးပါတီတရပ်အနေနဲ့ထားသင့်တဲ့ ဦးတည်ချက်တရပ်ကတော့ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသား လူမျိုးပေါင်းစုံအကြား တန်းတူညီမျှမှုရရှိရေးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံအကြားတန်းတူ ညီမျှမှုခံစားရရှိမယ်ဆိုရင် ပြည်ထောင်စုကြီးတည်မြဲမှာပါ။ တန်းတူညီမျှမှုရရှိဖို့ကအကြောင်း၊ ပြည်ထောင်စုတည်မြဲတာက အကျိုးဖြစ်ပါတယ်။ ဒီလို မစဉ်းစားဘဲနဲ့ နအဖက ချပေးတဲ့ ပြည်ထောင်စုမပြိုကွဲရေးဆိုတာကို မိမိတို့ပါတီရဲ့ဦးတည်ချက်အဖြစ် လွယ်လွယ်လက်ခံပေးလိုက်ရင် ဒုက္ခတွေ့ကြပါလိမ့်မယ်၊

ဘာကြောင့်လဲ ဆိုတော့ ပြည်ထောင်စုကို ပြုပြင်ပြောင်းလဲဖို့ ပြည်သူလူထုရဲ့ငြိမ်းချမ်းစွာ ကြိုးပမ်းမှုအားလုံးကို အစိုးရက ဖိနှိပ်ပစ်ဖို့ အခွင့်အာဏာရသွားမှာမို့ပါဘဲ။ ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ချက်အဖြစ် ပြောင်းလဲသတ်မှတ်ပေးလိုက်တဲ့ တိုင်းရင်းသားပါတီတွေဟာလည်း အစိုးရနဲ့ ကြံ့ရာပါ အဖြစ်လက်တွဲပြီး လူထုကိုဝင်ရောက်ဖိနှိပ်ပေးရတဲ့ ဘဝရောက်သွားပါလိမ့်မယ်။ တိုးတက်တော်လှန်တဲ့ တိုင်းရင်းသားပါတီတွေထားလေ့ရှိတဲ့ ဦးတည်ချက်တရပ်ကတော့ ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစု အသီးသီးဟာ သူ့ဒေသ၊ သူ့လူမျိုး၊ သူ့သမိုင်းကြောင်းနောက်ခံနဲ့သူ့ထူးခြားချက်တွေ အလိုက်

# မစုစုနွေး၏ ကျန်းမာရေး စိုးရိမ်ဖွယ်ရှိ

**DVB ၊ မတ်လ ၂၃ ။** ။ လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေး စစ်ကိုင်းတိုင်းကလေးမြို့ထောင်ထဲမှာ လမ်းမလျှောက်နိုင်တော့တဲ့အထိ ကျန်းမာရေးအခြေအနေဆိုးဝါးနေကြောင်းသိရလို့ လာမယ့်တနင်္လာနေ့မှာ အမြန်ဆုံးသွားတွေ့ဖို့ ပြင်ဆင်ထားတယ်လို့ သူ့အမ မဌေးဌေးကြည်က ပြောပါတယ်။

လမ်းမလျှောက်နိုင်တော့တဲ့ မစုစုနွေးကို ထောင်ဝန်ထမ်းတွေက ပွေ့ချီသွားရတာ တွေ့ခဲ့ရတယ်လို့ အဲဒီ ထောင်မှာ အကျဉ်းကျနေတဲ့ နိုင်ငံရေးအကျဉ်းသား ကိုရန်ရွှေကို ထောင်ဝင်စာသွားတွေ့တဲ့ ဖခင်ဦးကြီးရွှေက ပြောပါတယ်။

"ကျနော်တို့သားအဖ စကားပြောနေတုန်း နောက်ကြောင်းကနေ စုစုနွေး ပွေ့ပြီးတွဲသွားတော့ 'အဖေဟိုမှာ စုစုနွေး' ဆိုလို့ လှည့်ကြည့်လိုက်တော့ တဖက်ခြမ်းက မိန်းမဆောင်ပေါ့၊ ပွေ့ပြီး တွဲသွားတာပဲ ... ထောင်ဝတ်စုံနဲ့မဟုတ်ဘူး၊ ရိုးရိုးအဝတ်အစားနဲ့ပဲ၊ အပြင်ကနေအထဲကိုသွင်းတာ သူတို့ ဘယ်ကနေလာတယ်ဆိုတာ ကျနော်လည်းမသိဘူး။"

မွေးရာပါ နှလုံးကြီးပြီး ခွဲစိတ်ဖို့လိုခဲ့ပေမယ့် မစုစုနွေးဟာ လူ့အခွင့်အရေး နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့အလုပ်များနေခဲ့တယ်လို့ မဌေးဌေးကြည်က ပြောပါတယ်။

---

**စာမျက်နှာ ၂ မှ**

အတွင်းရေးမှူး ဦးအေးသာအောင်ကလည်း လွတ်လပ်ရေးတိုက်ပွဲဝင်ရာမှာ တိုင်းရင်းသားခေါင်းဆောင်တွေ လက်တွဲခဲ့တဲ့နည်းတူ အခုလည်း ဒီမိုကရေစီရေး၊ တိုင်းရင်းသားအရေးအတွက် လက်တွဲတိုက်ပွဲဝင်ကြဖို့ တိုက်တွန်းပြောကြားပါတယ်။ ဝါရင့်နိုင်ငံရေးသမားကြီး ဦးမင်းလွင်က "အဓိကကတော့ မြန်မာပြည်မှာ ဒီမိုကရေစီနိုင်ငံတည်ဆောက်ဖို့ပဲ" လို့ ပြောကြားပါတယ်။

"တပါတီအာဏာရှင်စနစ်သော်လည်းကောင်း၊ စစ်အာဏာရှင်စနစ်သော်လည်းကောင်း ဘယ်အာဏာရှင်စနစ်ကိုမှ မလိုချင်ဘူး။ ဒီမိုကရေစီနိုင်ငံတော်ကလည်း ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့အတိုင်းပဲ ဗမာပြည်နဲ့ အသင့်လျော်ဆုံး။"

ဒီနေ့မနက်ပိုင်းက ဝါရင်နိုင်ငံရေးသမားကြီး သခင်သိန်းဖေရဲ့နေအိမ်နဲ့ ကွယ်လွန်သူ သခင်သိန်းဖေမြင့်ရဲ့နေအိမ်တို့မှာလည်း ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားတွေ ကျင်းပပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီက ဒီနေ့မနက် ၇ နာရီကစပြီး ၆၄ နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို နေပြည်တော်မှာ ကျင်းပပါတယ်။ စစ်ရေးပြစစ်သည် ၂ သောင်းခွဲကို ဗိုလ်ချုပ်သန်းရွှေက မိန့်ခွန်းပြောကြားရာမှာ လမ်းပြမြေပုံ ၇ ရပ်ကို အကောင်အထည်ဆက်ဖော်မယ်လို့ ထည့်ပြောသွားပါတယ်။

---

ကိုယ်ပိုင်ပြဌာန်းခွင့်တွေရကြမယ်ဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲမှာပါ။ တိုင်းရင်းသား လူမျိုးစုတွေအတွက် ကိုယ်ပိုင်ပြဌာန်းခွင့် အာမခံချက်ရှိဖို့က အကြောင်း၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုရရှိတာက အကျိုးဖြစ်ပါတယ်။

ဒီလို မစဉ်းစားဘဲနဲ့ နအဖက ချပေးတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရေးဆိုတာကို မိမိတို့ပါတီရဲ့ဦးတည်ချက်အဖြစ် လွယ်လွယ်လက်ခံပေးလိုက်ရင် ဒုက္ခတွေ့ကြပါလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အဓိကအာမခံစရာ မလိုတော့ဘဲနဲ့ တိုင်းရင်းသားစည်းလုံးရေး ဆိုတာကိုအကြောင်းပြု၊ စစ်ဗိုလ်ချုပ်တွေက အတင်းအကြပ် ဓားမိုးပြီး စည်းလုံးခိုင်းမယ့် အန္တရာယ်ကိုဆက်လက်ရင် ဆိုင်နေရတော့မှာမို့ပါပဲ။ ဒီအခြေအနေမျိုးအောက်မှာ တိုင်းရင်းသားတွေ စစ်မှန်စွာစည်းလုံးကြမှာမဟုတ်သလို ပြည်ထောင်စုကြီးလည်း တည်ငြိမ်မှာမဟုတ်ပါဘူး။ နိဂုံးချုပ်အနေနဲ့ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲဝင်ဖို့ ခပ်ကွင်းပြင်နေကြတဲ့ အပစ်ရပ်တိုင်းရင်းသားခေါင်းဆောင်တွေ၊ ပါတီအဖွဲ့အစည်းတွေအနေနဲ့မိမိတို့တဦးချင်းရော၊ ပါတီအဖွဲ့အစည်းတွေရဲ့ ရပ်တည်ချက်ကိုပါ ပြန်လည်သုံးသပ်သင့်ကြောင်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။

# မြန်မာ့တိုင်းရင်းဆေးအချို့တွင် ခဲနှင့် အာဆင်းနစ်အဆိပ်ဓာတ်ပါဝင်

**DVB ၊ မတ်လ ၂၅ ။** ။ ကလေးသူငယ်တွေအတွက် ထုတ်လုပ်တဲ့ မြန်မာတိုင်းရင်းဆေး ၂ မျိုးမှာ ခဲနဲ့ အာဆိပ်ဓာတ်ပါဝင်တယ်လို့ အမေရိကန်ပြည်ထောင်စု ဗို့ဝိန်းမြို့ရှိတဲ့ စိန့်ဂျိုးဇက် ဒေသန္တရကျန်းမာရေးဌာနက ကြေညာပါတယ်။

မြန်မာနိုင်ငံက တရားဝင်ထုတ်လုပ်တဲ့ ဒေါ်တွေး ပဌမ ဂေါမုတ္တဆေးနဲ့ ဒေါ်ကျင် သူငယ်နာ ဝမ်းနုတ်ဆေးတို့မှာ ခဲနဲ့ အာဆင်းနစ် အဆိပ်ဓာတ်ပါဝင်တယ်လို့ မြန်မာနိုင်ငံသားအများစု အခြေချရာ အင်ဒီးယားနားပြည်နယ် ဗို့ဝိန်းမြို့ရှိ St. Joseph Community Health Foundation က ကြေညာတာပါ။ နေမကောင်းတဲ့ မြန်မာကလေးငယ်တွေကို ဆေးခန်းသွားပြရာက ခဲဆိပ်စတင်တွေ့ရှိပြီးနောက် လေ့လာစစ်ဆေးရာက မြန်မာကလေးတွေမှီဝဲတဲ့ မြန်မာတိုင်းရင်းဆေးတွေမှာ ခဲဆိပ်ပါတာကို ဓာတ်ခွဲစမ်းသပ်တွေ့ရှိတာလို့ အမေရိကန်အခြေစိုက် ဒီဗွီဘီသတင်းထောက် ဦးအောင်အောင်က ရှင်းပြပါတယ်။

အဲဒီဆေးတွေကို အမေရိကန်ရောက် မြန်မာပြည်သားတွေက ထိုင်းနိုင်ငံကတဆင့် တင်သွင်းကြတာဖြစ်လို့ လာမယ့် သီတင်းပတ်အတွင်း ပြည်နယ်မြို့တော် အင်ဒီးယားနာပိုးလစ္စမှာ မြန်မာပြည်သားတွေကို ကျန်းမာရေးပညာပေးဆွေးနွေးပွဲလုပ်ဖို့ အစီအစဉ်ရှိတယ်လို့ ဦးအောင်အောင်က ပြောပါတယ်။

“ဒီဆေးတွေထဲမှာ ဘယ်လိုအာနိသင်တွေရှိတယ်၊ ဘယ်လို အဆိပ်အတောက်ဖြစ်စေတဲ့ ဓာတ်တွေပါတယ်ဆိုတာနဲ့ပတ်သက်ပြီးတော့ နောက်အပတ်ထဲမှာ အစည်းအဝေးလုပ်မယ်ဆိုပြီး ပို့ထားတာတွေ တွေ့တယ်။”

စိန့်ဂျိုးဇက် ဒေသန္တရကျန်းမာရေးဌာနက တားမြစ်ချက်ထုတ်ပြန်လိုက်တဲ့အတွက် ဗို့ဝိန်းမြို့ရှိတဲ့ မြန်မာကလေးမိဘတွေက သူတို့ရဲ့ကလေးတွေကို တိုင်းရင်းဆေးတွေ မတိုက်တော့ဘူး လို့ဆိုပါတယ်၊ မြန်မာနိုင်ငံ မုံရွာမြို့ရှိ ဒေါ်တွေးဆေးတိုက်ကို ဆက်သွယ်မေးမြန်းရာမှာ “ကျနော်တို့ ထုတ်လုပ်နေတာကတော့ မြန်မာနိုင်ငံ ကျန်းမာရေးနဲ့ ဆေးဝါးဗဟိုအဖွဲ့ကနေပြီးတော့ ညွှန်ကြားထားတဲ့၊ မှတ်ပုံတင်ထားတဲ့ သူတို့ရဲ့ကွပ်ကဲမှုအောက်မှာပဲ ကျနော်တို့လုပ်နေတာပါ။”

ကလေးတွေ ခဲဆိပ်သင့်မှုနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံအခြေစိုက် အမျိုးသားကျန်းမာရေးကောင်စီက ဒေါက်တာသီဟမောင်က ရှင်းပြပါတယ်။

“ပညာရှင်တွေရဲ့ သုတေသနပြုချက်အရဆိုလို့ရှိရင် ခဲဆိပ်သင့်တဲ့ဟာကတဲ့ အသက် ၂ နှစ် ၂ နှစ်အောက်ကလေးတွေမှာ တကယ်လို့သာ ခဲဆိပ်သင့်ပြီးတော့၊ ရေရှည် တဖြည်းဖြည်းချင်း ခဲဆိပ်သင့်တာမျိုးဖြစ်မယ်ဆိုရင်တဲ့ ဒီကလေးနောင် ကြီးလာတဲ့အခါကျရင် အခြေအနေဟာ ဒီအဆိပ်သင့်မှုအန္တရာယ်ဟာ ပိုကြီးတယ်လို့ ဆိုပါတယ်။

“ခဲဆိပ်သင့်မယ်ဆိုရင် ဒီကလေးတွေက ခန္ဓာကိုယ်ကြီးထွားမှုမှာရော ဉာဏ်ရည်ဉာဏ်သွေး ကြီးထွားမှု၊ ဦးနှောက်ဖွံ့ဖြိုးမှုပါ ထိခိုက်ပါတယ်။ အထူးသဖြင့် မှတ်ဉာဏ်ကိုထိခိုက်ပါတယ် ခဲဆိပ်သင့်တာ များမယ်ဆိုရင် ဝေဖန်ပိုင်းခြားတတ်တဲ့ မှတ်ဉာဏ်နဲ့ပတ်သက်တာတွေ၊ မှတ်ဉာဏ် ချွတ်ယွင်းတဲ့ရောဂါတွေဖြစ်လာနိုင်ပါတယ်။”

---

# ဒေါ်စုကိုဆက်ဖမ်းထားခြင်းအားအမေရိကန်စိတ်ပျက်

**VOB ၊ မတ် ၂၅ ။** ။ အမေရိကန်နိုင်ငံခြားရေးဌာနက နအဖစစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည်ကို ဆက်လက်ထိန်းသိမ်းထားတဲ့အပေါ် အလွန်စိတ်ပျက်မိတယ်လို့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ရောဘတ်ဝုဒ် က နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ နိုင်ငံတကာအသိုင်းအဝိုင်းကတောင်းဆိုနေတာတွေကို နအဖက ဆက်လက်လျစ်လျူရှုနေတာကို စိတ်ပျက်မိတယ်လို့ ဆိုပါတယ်။ ဒီအတောအတွင်းမှာပဲ ချက်နိုင်ငံခြားရေးဝန်ကြီး မြန်မာစစ်အာဏာပိုင်တွေကို ကိုယ့်နိုင်ငံတွင်းကဥပဒေကို ကိုယ်တိုင်ချိုးဖောက်တာမျိုးမလုပ်ပါနဲ့ဆိုပြီး တိုက်တွန်းလိုက်ပါတယ်။

---

**စာမျက်နှာ ၃ မှ**

ဒေါ်အောင်ဆန်းစုကြည်အကျယ်ချုပ်အယူခံကိုကြားနာပေးရန် ရှေ့နေကြီးဦးကြည်ဝင်းက နအဖ ဝန်ကြီးချုပ်ထံမေတ္တာရပ်ခံစာပေးပို့ပြီး ဖ ရက်အကြာတွင် အန်အဲလ်ဒီက ပါတီဗဟိုအလုပ်အမှုဆောင် စုံညီအစည်းအဝေးကျင်းပလိုတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးတို့နှင့် တွေ့ခွင့်ပေးရန်ပါတီဥက္ကဋ္ဌဦးအောင်ရွှေက စစ်အစိုးရအကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တင်ပြခဲ့သည်။ ယင်းသို့ တောင်းဆိုမှုကို ၂၀၀၈ ခုနှစ်၊ ဂျန်နဝါရီလအတွင်းက ပြုလုပ်ခဲ့ဘူးသော်လည်း နအဖအစိုးရဘက်မှ တစုံတရာအကြောင်းပြန်ကြားမှုမရှိခဲ့ပေ။

အဲန်အဲလ်ဒီပါတီပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းက“ကျနော်တိုအတွေ့အကြုံတွေအရတော့ အကြောင်းမပြန်တာများတာပေါ့လေ။ သို့သော်လည်းဘဲ လုပ်သင့်လုပ်ထိုက်တဲ့ဟာကို ကျနော်တို့အားမလျော့ဘဲလုပ်သွားမယ်။ ပြောစရာရှိတာ ပြောမယ်၊ တင်ပြစရာရှိတာတင်ပြမယ်။ မလုပ်ရင်သမိုင်းအရ နိုင်ငံရေးအရ ဘယ်သူကတာဝန်ရှိလဲဆိုတာမျိုး သူ့ဟာသူ ဖြစ်လာပါလိမ့်မယ်”ဟုပြောဆိုပါသည်။

---

# ကျောင်းသား ၄ ဦးဖမ်းဆီးမှုဥပဒေနဲ့မညီ

**RFA ၊ မတ်လ ၂၄ ။** ။ ကိုမင်းကိုနိုင်အပါအဝင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ၄ ဦးကို မြန်မာစစ်အစိုးရကဖမ်းဆီးထောင်ချခဲ့တာဟာ တရားဥပဒေနဲ့မညီတဲ့အကြောင်း ကုလသမဂ္ဂမတရားဖမ်းဆီးအရေးယူမှုများဆိုင်ရာ အမှုဆောင်အဖွဲ့ UN Working Group on Arbitrary Detention ရဲ့ဥပဒေသုံးသပ်ချက်မှာဖော်ပြလိုက်ပါတယ်။

ကိုမင်းကိုနိုင်၊ ကိုဂျင်မီ၊ ကိုမင်းဇေယျာနဲ့ကိုပြုံးချိုတို့ကို မြန်မာစစ်အစိုးရက ဖမ်းဆီးထောင်ချခဲ့တာဟာ နိုင်ငံတကာဥပဒေကြောင်းအရ မတရားဖမ်းဆီးမှုတွေဖြစ်တယ်ဆိုတာ ငြင်းချက်ထုတ်လို့မရအောင် တွေ့ရှိရကြောင်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း သဘောတူချက်တွေကို အများကြီးချိုးဖောက်နေကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီလက်အောက်ခံ ဒီအဖွဲ့က ကျောင်းသားခေါင်းဆောင်တွေရဲ့ရှေ့နေတွေနဲ့ မြန်မာစစ်အစိုးရဆီကိုပေးပို့တဲ့ ဥပဒေရေးရာသုံးသပ်ချက်မှာ ဖော်ပြထားပါတယ်။

ကျောင်းသားခေါင်းဆောင် ၄ ဦးရဲ့အမှုကို ကုလသမဂ္ဂမှာတင်ပြခဲ့တဲ့ ရှေ့နေနှစ်ဦးထဲက တဦးဖြစ်တဲ့ လန်ဒန်အခြေစိုက် Burma Justice Committee ကရှေ့နေ Ms.Sappho Dias က ဒီကုလသမဂ္ဂသုံးသပ်ချက်နဲ့ပတ်သက်ပြီး RFA ကိုပြောပြပါတယ်။ ပထမဆုံးအချက်က နိုင်ငံတကာတရားစီရင်မှုအရ ၈၈ ကျောင်းသားခေါင်းဆောင် ၄ ဦးကို မြန်မာအစိုးရကဖမ်းဆီးအရေးယူတာဟာ နိုင်ငံတိုင်းလိုက်နာရတဲ့ နိုင်ငံတကာဥပဒေတွေကိုချိုးဖောက်နေတယ်ဆိုတာကို နိုင်ငံတကာတရားစီရင်ရေးအဖွဲ့အစည်းကြီးတခုက တွေ့ရှိလိုက်တာဖြစ်ပါတယ်လို့ အမှုကိုတင်ပြခဲ့တဲ့ ရှေ့နေ Ms.dias ကပြောသွားပါတယ်။

ကုလသမဂ္ဂမတရားဖမ်းဆီးအရေးယူမှုဆိုင်ရာအမှုဆောင်အဖွဲ့ရဲ့ ဥပဒေသုံးသပ်ချက်မှာ ဒီကျောင်းသားခေါင်းဆောင် ၄ ဦးရဲ့အမှုနဲ့ပတ်သက်ပြီး မြန်မာအစိုးရအနေနဲ့ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းရဲ့ အပိုဒ် ဖ ပိုဒ်ကိုချိုးဖောက်နေတဲ့အတွက် ကျောင်းသားတွေကိုအမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုထားပါတယ်။ ဒီဥပဒေသုံးသပ်ချက်ကို မြန်မာစစ်အစိုးရထံပေးပို့ထားပြီးနောက်ကျင်းပမယ့် လူ့အခွင့်အရေးကောင်စီမှာ ဒီအမှုကိုတင်ပြအစီရင်ခံသွားမယ်လို့ သိရပါတယ်။



# သတင်းတိုထွေဖတ်စရာကဏ္ဍ

ကျော်စံကွေး

## ကိုယ့်ဥပဒေကိုယ်ချိုးဖောက်

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချ ထားတဲ့ စစ်အုပ်စုရဲ့ လုပ်ရပ်ဟာ ကိုယ့်နိုင်ငံတွင်းဥပဒေကိုကိုယ်ချိုးဖောက်တာလို့ ကုလသမဂ္ဂက ထုတ်ပြန်ကြေညာလိုက်တဲ့အပေါ် နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေး ကြိုးပမ်းသူတွေက ထောက်ခံကြိုဆိုလိုက်ပါတယ်။ အဲန်အဲလ်ဒီ ဝမ်းတွင်း၊ မိတ္ထီလာ၊ ပဲခူး၊ အင်္ဂါဘုရားဝတ်ပြုအဖွဲ့တို့က ကုလသမဂ္ဂရဲ့ကြေညာချက်ကို ထောက်ခံခဲ့ပါတယ်။ **(DVB, 24.3.2009)**

---

## ဖောက်ထွင်းဝိဇ္ဇာလေးများ

စီးပွားရေးကျပ်တည်းမှုကြောင့် အလုပ်အကိုင်ရှား ပါးလာပြီး ကုန်ဈေးနှုန်းကြီးလာလို့ ဆင်းသားပြည်သူတွေ စားဝတ်နေရေး မပြေလည်တော့ပါဘူး။ရောဝတီတိုင်း လပွတ္တာမြို့မှာ ခိုးမှုဖောက်ထွင်းမှုတွေ များလာတယ်လို့ လပွတ္တာမြို့ခံတဦးက ပြောပါတယ်။ ခိုးမှု ဖောက်ထွင်းတဲ့သူတွေဟာ များသောအားဖြင့် ကလေးတွေဖြစ်နေတယ်လို့လည်း သိရပါတယ်။ တခြားမြို့နယ်တွေမှာလည်း ဖြစ်ပွားနေတယ်လို့ ဒေသခံတွေက ဆိုပါတယ်။ **(DVB, 24.3.2009)**

---

## အုတ်ဂူပင်မထားရ

မတ်လ ၁၇ ရက်မှာ ကွယ်လွန်တဲ့ ဝမ်းတွင်းမြို့နယ် အမှတ် ၂ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှအောင်ရဲ့ မိသားစုပိုင်လယ်မြေရှိ အရိုးအိုးဂူကို မနေ့ညနေ ၆ နာရီ လောက်မှာ မိသားစုကိုအကြောင်းမကြားဘဲ ဖျက်ဆီးပစ်လိုက်ကြတယ်လို့ သိရပါတယ်။ အဲဒီဒေသမှာ မိသားစုပိုင် လယ်ယာမြေမှာ အရိုးအိုးဂူဆောက်တာ ရိုးရာဓလေ့ဖြစ်နေပေမယ့် ဒေါက်တာလှအောင်ရဲ့ဂူကျမှ လယ်ယာမြေမှာ အရိုးအိုးဂူလုပ်ခွင့်မရှိဘူးဆိုပြီး အာဏာပိုင်တွေက ဖျက်ဆီးပစ်ကြတာဖြစ်ပါတယ်။ **(DVB, 25.3.2009)**

---

## ရုတ်တရက်သေဆုံးမှုများ

ရောဝတီတိုင်း လပွတ္တာမြို့နယ်မှာ တာဝန်ထမ်း ဆောင်နေတဲ့ ယူအန်ဒီပီ စေတနာ့ဝန်ထမ်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသား Mr.Farhad Uddin Bhuiyan ဟာ ပြီးခဲ့တဲ့သောကြာနေ့မှာ ရုတ်တရက်သေဆုံးသွားတာလို့ ယူအန်ဒီပီဝန်ထမ်းတဦးက အတည်ပြုပြောကြားပါတယ်။ Mr.Farhad ဟာ ငါးသလောက်ပေါင်း၊ ကြက်ဟင်းခါးသီးဟင်းတို့ကိုစားသုံးပြီး ပန်ကာလေ အအေးခံပြီးနောက် ရုတ်တရက်သေဆုံးသွားတာလို့သိရပါတယ်။ လပွတ္တာနယ်မှာ အရင်ကထက် ရာသီဥတုပိုပြီး ပူပြင်းလာလို့ သက်ကြီး ရွယ်အိုတွေနဲ့ လူလတ်ပိုင်းအချို့လည်း အလားတူ သေဆုံးမှုတွေရှိတယ်လို့ ဒေသခံက ပြောပါတယ်။ **(DVB, 23.3.2009)**

---

## အပစ်ရပ်ဒေသတွင်စစ်အင်အားတိုးချဲ့

နအဖဟာ သူနဲ့အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့နယ်မြေထဲ စစ်အင်အားတွေ တိုးချဲ့ချထားနေတယ်လို့သိရပါတယ်။ နအဖဟာ အပစ်ရပ်အုပ်စုတွေကို လက်နက်ချပြီး ပါတီထောင်ကာ ရွေးကောက်ပွဲဝင်ဖို့ ပြောနေပါတယ်။ **(IRRAWADDY, 5.3.2009)**

---

## လာဘ်စားမှုထုတ်ဖော်ပြောဆို၍

အဲန်အဲလ်ဒီအဖွဲ့ဝင် ၃ ဦးကို နအဖလက်အောက်ခံ တွံ့တေးတရားရုံးက ထောင် ၇ ရက်ချလိုက်တယ်လို့ သိရပါတယ်။ အဲဒီလူတွေ ဟာ ဒေသဆိုင်ရာ အာဏာပိုင်တွေရဲ့ အကျင့်ပျက်လာဘ်စားမှုတွေကို လူသိ ရှင်ကြားဖော်ထုတ်ပြောဆိုခဲ့ပါတယ်။ စွဲချက်တင်ခံရတဲ့အမှုက ၁၉၀၇ ခုနှစ်က ပြဋ္ဌာန်းထားတဲ့ မြို့ရွာဥပဒေထဲက ညွှန်ကြားချက်မတိုင်တဲ့အတွက်ဖြစ်ပါတယ်။ **(MIZZIMA, 25.3.2009)**

---

## ပါတီသစ်နှင့် သတင်းစာစောင်

ကနေဒါမှာနေတဲ့စီးပွားရေးလုပ်ငန်းရှင် ကျော်မြင့်က သူဦးဆောင်ဖွဲ့စည်းထားတဲ့ United Democratic Party of Myanmar နဲ့ပတ်သက်ပြီး အခြေအမြစ်မရှိတဲ့ သတင်းအချက်အလက်တွေအပေါ်အခြေခံပြီး သတင်းဆောင်းပါးရေးသားခဲ့တဲ့အတွက် ချင်းမိုင်အခြေစိုက် မြန်မာသတင်းဌာနတခုဖြစ်တဲ့ ရောဝတီစာစောင်နဲ့အယ်ဒီတာ အောင်ဇော်တို့ကို တရားစွဲဆိုလိုက်ပြီလို့ ဆိုပါတယ်။ အောင်ဇော်က သူ့ရဲ့စာစောင်ဖော်ပြချက်ဟာ ခိုင်မာတဲ့သတင်းအရင်းအမြစ်ကနေရတဲ့အချက်လို့ဆိုပါတယ်။ အဲဒီပါတီဟာ နအဖရဲ့ရွေးကောက်ပွဲဝင်ဖို့ စိုင်းပြင်းနေပါတယ်။ **(MIZZIMA, 26.3.2009)**

---

## လူကုန်ကူးနှိမ်နင်းရေးသဘောတူ

ထိုင်းနဲ့ နအဖတို့ကြားမှာ လူကုန်ကူးမှုတွေကို နှိမ်နင်းကြဖို့ သဘောတူညီလိုက်ကြပြီလို့ သိရပါတယ်။ ဧပြီလ ၂၄ ရက်နေ့ကျရင် နှစ်နိုင်ငံအကြားမှာ သဘောလက်မှတ်ရေးထိုးမှုတွေပြုလုပ်ကြမှာပါ။ မြန်မာပြည်တွင်းမှာ စီးပွားရေး အခြေအနေတွေ ဆိုးရွားနေတာကြောင့် ထိုင်းနိုင်ငံကိုသွားရောက်လုပ်ကိုင်ရှာဖွေစားသောက်ကြရတာက လူကုန်ကူးခြင်းရဲ့ အဓိကအရင်းအမြစ်ဖြစ်ပါတယ်။ **(THE NATION, VOB, 26.3.2009)**

---

## စွမ်းအင်များများရှာကြ

တရုတ်အာဏာပိုင်တွေက သူ့နိုင်ငံကလိုအပ်တဲ့စွမ်းအင်ကို တကမ္ဘာလုံးမှာ ရှာကြဆိုပြီး တရုတ်ကုမ္ပဏီတွေကို တိုက်တွန်းအားပေးနေပါတယ်။ နိုင်ငံရဲ့လိုအပ်ချက်ကို ရအောင်ရှာဖွေတာဟာ တရားဝင်အခွင့်အရေးဖြစ်တယ်၊ နိုင်ငံခြားကအရင်းအမြစ်တွေရဖို့ဟာ ပြည်တွင်းကထုတ်လုပ်မှုတွေကို တိုးမြှင့်ထုတ်ဖို့ထက်ပိုအရေးကြီးတယ်လို့ ဆိုပါတယ်။ တရုတ်တို့ စွမ်းအင်ရှာဖွေရယူနေတဲ့နိုင်ငံအများအပြားဟာ လူ့အခွင့်အရေးပြဿနာတွေနဲ့ကြုံနေတဲ့နိုင်ငံတွေဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေက အစိုးရတွေနဲ့ တရုတ်အစိုးရဟာ မိတ်ဘက်ဖြစ်ကြပါတယ်။ **(REUTERS, 26.3.2009)**

---

## မြောက်ဥက္ကလာဗုံး

မတ်လ ၂၆ ရက်နေ့က မြောက်ဥက္ကလာမှာရှိတဲ့ တည်းခိုခန်းတခုမှာ ဗုံးပေါက်ကွဲခဲ့တဲ့အတွက် လူတဦးသေဆုံးပြီး ၂ ဦးဒဏ်ရာရသွားတယ်လို့ သိရပါတယ်။ ဘယ်သူ့လက်ချက်ဆိုတာကို နအဖ အတိအလင်းထုတ်ဖော်ပြောဆိုသေးခြင်းမရှိပေမဲ့လည်းအရင်ဗုံးပေါက်မှုတွေအားလုံးလိုလိုကို ဒီမိုကရေစီအင်အားစုတွေရဲ့ လက်ချက်ဖြစ်တယ်လို့ ဆိုပါတယ်။ **(AFP , 26.3.2009)**

# ဗဟိုအလုပ်အမှုဆောင်စုံညီအစည်းအဝေး ကျင်းပနိုင်ရေး အဖွဲ့ချုပ်တောင်းဆို

**RFA ၊ မတ်လ ၂၃ ။ ။** နိုင်ငံရေအတွက်အရေးကြီးနေတဲ့အချိန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်စုံညီအစည်းအဝေးကျင်းပနိုင်ရေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေ စုံစုံညီညီတွေ့ဆုံခွင့်ပေးဘို့တောင်းဆိုတဲ့အကြောင်း NLD ပါတီက ဒီကနေ့ မတ်လ ၂၃ ရက်နေ့မှာ ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်ပါသည်။

ဒီလိုတောင်းဆိုချက်ကို အဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ရွှေက စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံကို ၂၀၀၈ ဂျန်ဝါရီလကတည်းက တောင်းဆိုခဲ့တာဖြစ်ပြီး ထပ်မံတောင်းဆိုစာကိုတော့ အခုလ ၁၉ ရက်နေ့ကပေးပို့ခဲ့တယ်လို့သိရပါတယ်။ ဒီကြေညာချက်နဲ့ပတ်သက်လို့ အဖွဲ့ချုပ်ပြောခွင့်ရသူဦးဉာဏ်ဝင်းက အခုလို ပြောပြပါတယ်။

"ကျနော်တို့ NLD အဖွဲ့ချုပ်အနေနဲ့ နိုင်ငံရေးအရဆုံးဖြတ်ချက်တွေ အရေးတကြီးဆုံးဖြတ်ဘို့။ ကျနော်တို့အခုလိုဆုံးဖြတ်ဘို့လိုအပ်တဲ့အချိန်ကိုရောက်နေပြီ။ အဲဒီလို လိုအပ်တဲ့အချိန်ကိုရောက်နေတဲ့အတွက် ကျနော်တို့ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စုံညီအစည်းအဝေးကျင်းပဘို့ကို ကျနော်တို့ကိုခွင့်ပြုပါ၊ စီစဉ်ဆောင်ရွက်ပေးပါ၊ ကျနော်တို့ဒီလိုတောင်းဆိုတယ်။ ဒီလိုဟာမျိုးကိုလည်း ၂၀၀၈ ဂျန်နဝါရီကတည်းကတောင်းဆိုခဲ့ပါတယ်။ အကြောင်းမပြန်ဘူး။ အခုအချိန်ကတော့ နိုင်ငံရေးအရ အရေးကြီးတဲ့အချိန်ဖြစ်တဲ့အတွက် ဒါကိုဆောင်ရွက်ပေးဘို့ ကျနော်တို့ဒီလိုတောင်းဆိုတဲ့ကိစ္စကို အများပြည်သူကိုလည်း အသိပေးတဲ့အနေနဲ့ကြေညာချက်ထုတ်တာပါ။"

ဒီကြေညာချက်ဟာ စစ်အစိုးရစီစဉ်နေတဲ့ ၂၀၁၀ ရွေးကောက်ပွဲအပါအဝင် နိုင်ငံရေးအရအရေးပါတဲ့ဆုံးဖြတ်ချက်တွေချနိုင်ဘို့ နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ပါ CEC စုံညီ မှာပါဝင်ဆွေးနွေးနိုင်ဘို့ အဓိကရည်ရွယ်ရင်းဖြစ်တယ်လို့သိရပါတယ်။ ဦးဉာဏ်ဝင်းက အခုလိုရှင်းပြပါတယ်။

"ကျနော်တို့နိုင်ငံရေးအရလိုအပ်ချက်ကိုဘဲဖော်ပြတာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးတင်ဦးအပါအဝင်၊ စုံညီအစည်းအဝေးဆိုတာက ဒီလိုဖော်ပြတာတော့ရှိပါတယ်။ အခုအချိန်ဟာ မြန်မာပြည်နိုင်ငံရေးနဲ့ပတ်သက်ပြီး အရေးတကြီးအရေးပေါ် အရေးကြီးတာကိုစီစဉ်ဆုံးဖြတ်ရမယ့်အချိန်အခါမျိုးဖြစ်တယ်၊ အဲဒီလိုအချိန်အခါမှာ တရားဝင်ပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဒီဟာကိုစဉ်းစားဆုံးဖြတ်နိုင်ဘို့ နိုင်ငံရေးအရစဉ်းစားဆုံးဖြတ်နိုင်ဘို့ အားလုံးစုံညီ CEC အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးဘို့လိုတယ်။ ဒီဟာကိုဆောင်ရွက်ပေးသင့်တယ်၊ ဆောင်ရွက်ပေးပါ လို့ဒီလိုတောင်းဆိုတဲ့သဘော။"

# မုန်တိုင်းကယ်ဆယ်ရေးကူညီပေးသူများထောင်ချခံရ

**RFA ၊ မတ်လ ၂၃ ။ ။** နာဂစ်မုန်တိုင်းကယ်ဆယ်ရေးလုပ်ကိုင်သူ ၄ ဦးကို ဒီကနေ့မတ်လ ၂၃ ရက်မှာ အင်းစိန်ထောင်အထူးတရားရုံးကနေထောင်ဒဏ် ၃ နှစ်စီအပြစ်ပေးလိုက်ပါတယ်။

စွဲချက်တင်တဲ့ပုဒ်မကတော့ တရားမဝင်သင်းပင်းဖွဲ့စည်းမှုကို ကူညီအားပေးတဲ့အမှုဖြစ်ပါတယ်။ သူတို့ကိုစီရင်ချက်ချရာမှာ ရှေ့နေမပါဘဲအပြစ်ပေးလိုက်တာဖြစ်တယ်လို့သိရပါတယ်။ အပြစ်ပေးခံရသူတွေကတော့ မတင်တင်ချို၊ မရင်ရင်ဝိုင်း၊ မနီမိုလှိုင်နဲ့ကိုမြတ်သူတို့ဖြစ်ကြပါတယ်။ မတင်တင်ချိုရဲ့အကိုဖြစ်သူကိုမောင်ကအခုလိုပြောပြပါတယ်။

"သူတို့ကိုပုဒ်မအမျိုးမျိုးတပ်တယ်၊ နောက်ပြီးတော့ရမန်တွေယူတယ်၊ ရုံးတွေပြောင်းချိန်းတယ်၊ အဲလိုဘဲပြောတာ။ နောက်ဆုံးကျမှ ၂၁၁ နဲ့ ၇ နဲ့ အဲဒါနဲ့နောက်ဆုံးစွဲတာပေ့ါ။ အဲဒါနဲ့စီရင်ချက်ချတာ။ သူတို့ကအများအတွက်ပေ့ါလေ။ အများအတွက်လုပ်တာကိုဒီလိုဘဲအဖမ်းခံရတယ်ဆိုတော့ ဖမ်းမိတယ်ဆိုကတည်းကအပြစ်ဒဏ်တခုခု ထောင်ဒဏ်ကျလိမ့်မယ်လို့တော့ ကျနော်ခံစားထားပါတယ်။ ကြိုတင်လည်းပြင်ဆင်ထားတာကိုး။ အနည်းနဲ့အများဘဲကွာမယ်လို့ဘဲ အဲလိုဘဲခံယူထားတာပေ့ါလေ။"

မတင်တင်ချိုရဲ့အကိုဖြစ်ငှကိုမောင်ပြောသွားတာပါ။ မတင်တင်ချိုဟာ ဘယ်ပါတီ ဘယ်အဖွဲ့အစည်းမှာမှပါဝင်ခြင်းမရှိဘဲ မရင်ရင်ဝိုင်းနဲ့အတူ ဘိုကလေးမြို့ကိုသွားပြီး ဒုက္ခသည်တွေကိုသွားရောက်ကူညီသူဖြစ်တယ်လို့သိရပါတယ်။ မတင်တင်ချိုကို ပြီးခဲ့တဲ့နှစ် ဂျွန်လ ၁၂ ရက် အာဏာပိုင်တွေကလက်ဖက်ရည်ဆိုင်ကနေ ဖမ်းသွားခြင်းဖြစ်ပါတယ်။ အဲဒီနောက် နေအိမ်မှာလာရောက်ရှာဖွေတာမျိုးတွေလုပ်ပေမယ့် ဘာမှသိမ်းဆည်းသွားခြင်းမရှိဘူးလို့သိရပါတယ်။

မတင်တင်ချိုပါ ၃ ဦးရဲ့အမှုကို အင်းစိန်ထောင်အထူးတရားရုံးမှာ ၆ ကြိမ်မြောက်စစ်ဆေးပြီးနောက် အခုလိုအပြစ်ပေးလိုက်တာဖြစ်ပါတယ်။

# သင်္ကြန်မဏ္ဍပ်ဆောက်ခွင့် အာဏာပိုင်နှင့် နီးစပ်သူများသာရရှိ

**DVB ၊ မတ်လ ၂၄ ။ ။** သင်္ကြန်ရေကစားမဏ္ဍပ်ဆောက်လုပ်ခွင့်တွေကို သက်ဆိုင်ရာ အာဏာပိုင်တွေက သူတို့နဲ့နီးစပ်သူတွေကိုပဲ ဆောက်လုပ်ခွင့်ပြုပါမစ်ချ ပေးနေတယ်လို့သိရပါတယ်။

မဏ္ဍပ်ဆောက်လုပ်ခွင့် ခွင့်ပြုချက်နဲ့ပတ်သက်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူးလို့ မြို့တော်စည်ပင်ဌာနမှူးတဦးက ပြောပါတယ်။

"ကျနော်တို့တော့ ဘာမှညွှန်ကြားချက်မရှိသေးဘူး။ အင်းလျားလမ်းတို့ဆိုတာ 'ခယက' က ပေးတာပဲ။ စည်ပင်သာယာကနေပြီးတော့ အဲဒီနေရာတွေ စီမံခန့်ခွဲတာမရှိဘူး၊ 'ခယက' မှ လျှောက်လွှာတင်ရတယ်၊ 'ခယက' ကပဲ ပုံစံပေးတယ်၊ အဲဒီ 'ခယက' ကနေပြီးတော့မှ ဒီလူ ဒီလူ တွေပေးဆိုမှ ကျနော်တို့ဆီကနေပြီးတော့ ဆောက်လုပ်ခွင့် အမိန့်ထုတ်ပေးတယ်။"

မဏ္ဍပ်ဆောက်လုပ်ခွင့်ရဖို့ ခရိုင်၊ တိုင်း အာဏာပိုင်အဆင့်ဆင့်ကို တင်ပြကြရပြီး တင်သူတိုင်း ရတာမဟုတ်ဘဲ နီးစပ်သူတွေကိုပဲ ခွင့်ပြုတာမို့ ရေကစားမဏ္ဍပ် ဆောက်ချင်သူတွေဟာ ခွင့်ပြုချက်ရထားသူတွေဆီက ဈေးကြီးပေးဝယ်ယူကြရမှာလို့ရန်ကုန်မြို့က လူငယ်တဦးက ပြောပါတယ်။ မျက်နှာဖွင့် ပေ ၄၀ ရှိတဲ့ မဏ္ဍပ်နေရာတခုကို မနှစ်က ကျပ် ၁၅ သိန်း၊ သိန်း ၂၀ အထိ ပေးရပြီး ဒီနှစ်မှာဘယ်ဈေးပေါက်မယ်ဆိုတာ မသေခြာသေးဘူးလို့ အဲဒီလူငယ်ကပြောပါတယ်။

"ဒီနှစ်တော့ ပေါက်ဈေးမသိသေးဘူး၊ ပွဲစားတွေကများတယ်။ ကိုယ်ပိုင်တင်ပြီးတော့ မရတဲ့ လူတွေလည်းရှိတယ်၊ အနီးကပ်မှပဲ ကျနော်တို့ ပါမစ်ဝယ်တာများတယ်။"

မဏ္ဍပ်ဆောက်ရာမှာ လိုအပ်တဲ့ သစ်၊ အသံချဲ့စက်၊ မီးစက်၊ ရေစုပ်စက်၊ လောင်စာဆီ အပြင်အဆင်စရိတ် အားလုံးပေါင်းရင် ကျပ်သိန်းရာချီ ကုန်ကျတယ်လို့လည်း အဲဒီလူငယ်က ပြောပါတယ်။

မန္တလေးမြို့မှာလည်း မန္တလေးမြို့တည် နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်နဲ့အတူ အတာသင်္ကြန်ကို ခမ်းခမ်းနားနားကျင်းပမယ်လို့ သိရပါတယ်။ ကျုံးပတ်လည်မှာ ရေကစားမဏ္ဍပ် ၈၀ အထိ ခွင့်ပြုမှာဖြစ်ပြီး စည်ပင်သာယာကို စပေါ်ငွေကျပ် ၅ သိန်းတင်ရမှာပါ။ စပေါ်တင်ပြီး မဏ္ဍပ်မဆောက်နိုင်ရင် စပေါ်ငွေဆုံးမယ်လို့လည်း မန္တလေးစည်က ဝန်ထမ်းတွေက ပြောပါတယ်။ မန္တလေးမြို့မှာလည်း မဏ္ဍပ်ဆောက်လုပ်ခွင့်ပါမစ်တွေကို အာဏာပိုင် အသိုင်းအဝန်းကလူတွေပဲ ရလေ့ရှိလို့ သူတို့ဆီကတဆင့် မဏ္ဍပ်ဆောက်လိုတဲ့သူတွေက ပြန်ဝယ်ကြရတာလို့ မန္တလေးမြို့က စီးပွားရေးလုပ်ငန်းရှင်တွေက ပြောပါတယ်။

# လောင်းကစားကြောင့် ပညာရေးထိခိုက်

**DVB ၊ မတ်လ ၂၂ ။** ။ မကွေးဆေးတက္ကသိုလ်က ကျောင်းသားအတော်များများ ဘောလုံးလောင်းကစားကြောင့် ကျပ်သိန်းချီအကြွေးတင်ပြီး ပညာရေးထိခိုက်နေလို့ ကျောင်းသားမိဘတွေက စိတ်သောကရောက်နေကြပါတယ်။

မကွေးမြို့လယ် ရုပ်ရှင်ရုံကြီးရှေ့မှာ ပန်းမြမဉ္ဇူဆိုတဲ့ အလှကုန်စတိုးဆိုင်ကိုဖန်းပြပြီး ဘောလုံးပွဲ လောင်းကစားဒိုင်နဲ့ အပေါင်ဆိုင်ဖွင့်ထားတာ အထင်အရှားတွေ့ရတယ်လို့ ကျောင်းသားမိဘတဦးက ပြောပါတယ်။ အဲဒီဆိုင်မှာ သူ့သား ဆေးကျောင်းသား ဘောလုံးပွဲလောင်းကစားကြောင့် ကျပ်သိန်းချီ အကြွေးတင်လို့ လိုက်ဆပ်နေရပါတယ်လို့ ကျောင်းသားမိဘက ပြောပါတယ်။

လက်ဖက်ရည်ဆိုင်တွေ နဲ့ ဘောလုံးပွဲပြတဲ့ ဗီဒီယိုရုံတွေမှာလည်း လောင်းကစားဒိုင်တွေရှိနေတယ်လို့ လည်းပြောပါတယ်။ ဆေးတက္ကသိုလ်ကျောင်းသားတွေ လောင်းကစားထဲ နစ်မွန်းစေတဲ့အကြောင်းတွေထဲမှာ မိဝေးဖဝေးမှာဖြစ်နေတဲ့ အပြင် ကျောင်းဆောင်မရှိတာဟာလည်း ပါဝင်တယ်လို့ ဆိုပါတယ်။

"ကျောင်းသားတွေရှိတဲ့နေရာအရပ်ဒေသမှာ လောင်းကစားတွေ အလွန်အကျွံလုပ်နေတာကို တာဝန်ရှိတဲ့လူတွေက မထိန်းသိမ်း၊ မျက်ကွယ်ပြုတာပေါ့။ ကျောင်းသားတွေ နိုင်ငံရေးမလုပ်ရင်ပြီးရော၊ ပျက်စီးရင်ပျက်စီးပလေ့စေ၊ ကာရာအိုကေတွေ စားသောက်ဆိုင်ကနေပြီးတော့မှ ကောင်မလေးတွေ ဒါမဖြစ်သင့်တဲ့ဟာတွေ။ တီဗွီဂိမ်းတို့ဆိုတာ လက်ညှိုးထိုးလို့မလွဲတဲ့နေရာတွေ။ ကျောင်းသားတွေကတော့ စာမကျက် ကျောင်းမတက်ပဲနဲ့ စာမေးပွဲကျတဲ့အခါကျတော့ ကျောင်းထုတ်ခံရ ...။"

ရဲတပ်ဖွဲ့တွေအပါအဝင် အာဏာပိုင်တွေက လောင်းကစားဒိုင်တွေကို လျစ်လျူရှုထားတာကြောင့် အလွယ်တကူ လောင်းကစားမိပြီး လောင်းကစားနဲ့ စာမေးပွဲကျလို့ ကျောင်းထုတ်ခံရသူ ၃၀ လောက်ရှိသွားပြီလို့လည်း ဒေသခံတွေက ပြောပါတယ်။

---

**မျက်နှာဖုံးမှ**

အာဆီယံထဲမှာလည်း အကြီးဆုံးနိုင်ငံဖြစ်တာကြောင့် အရေးပါပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ကိုကူးပြောင်းတဲ့ အတွေ့အကြုံရှိတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း မြန်မာ့ရေးကိစ္စကို ဖြေရှင်းရာမှာ အာဆီယံထဲမှာ အင်ဒိုနီးရှားနိုင်ငံဟာ စိတ်ဝင်စားစရာပါ။ ဒါကြောင့်လည်း ကျနော်တို့ဘက်က အင်ဒိုနီးရှားနဲ့ အခုလိုဆက်ဆံတာပါ။"

အခုအာဆီယံခရီးစဉ်အတွင်းမှာ မြန်မာနိုင်ငံတွင်းလာမယ့် ၂၀၁၀ ရွေးကောက်ပွဲကာလမှာ မြန်မာနိုင်ငံတွင်းဒီမိုကရေစီဖြစ်ထွန်းရေး အခွင့်အလမ်းကောင်းတွေ ဘယ်လောက်ရှိလာနိုင်မလဲ လာရောက်လေ့လာတဲ့ခရီးစဉ်ဖြစ်တယ်လို့ပြောပါတယ်။ Mr.Fassino အနေနဲ့ မြန်မာနိုင်ငံကိုသွားရောက်နိုင်ဘို့ စစ်အစိုးရကိုခွင့်ပြုချက်တောင်းခဲ့တယ်လို့လည်း ပြောခွင့်ရသူကဆိုပါတယ်။ နှစ်ဘက်စလုံးအနေနဲ့ လာမယ့် စစ်အစိုးရရွေးကောက်ပွဲဟာ အများက ယုံကြည်လက်ခံမှုရှိတဲ့ ပုံစံ ဖြစ်စေချင်တယ်ဆိုတာကို နားလည်မှုရခဲ့တယ်လို့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးပြောခွင့်ရသူက ပြောပါတယ်။

"ဒီရွေးကောက်ပွဲကို အများကယုံကြည်လက်ခံတဲ့ ရွေးကောက်ပွဲဖြစ်စေချင်ပါတယ်။ ရှေ့နှစ်လုပ်မယ့်ရွေးကောက်ပွဲကို အားလုံးပါဝင်နိုင်တဲ့အခြေအနေ၊ အားလုံးပါဝင်ခွင့်ရတဲ့အခြေအနေမျိုးဖြစ်တာ မြင်လိုပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဒီရွေးကောက်ပွဲမှာ ပါတာမပါတာထက် အားလုံးပါဝင်ခွင့်ရဘို့က အရေးကြီးပါတယ်။ ဒီရွေးကောက်ပွဲဟာ အများယုံကြည်လက်ခံနိုင်ဘို့ အရေးကြီးတယ်ဆိုတာကို ကျနော်တို့အပြန်အလှန်နားလည်မှုရခဲ့ပါတယ်။ ဒီအတွက် နိုင်ငံတကာရဲ့ကူညီအားပေးမှုတွေ လိုတယ်ဆိုတာကိုလည်း ပြောဖြစ်ပါတယ်။"

အီးယူ–ဥရောပသမဂ္ဂအနေနဲ့ တဘက်မှာလည်း မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ အီးယူရဲ့ အရေးယူဒဏ်ခတ်မှုကို နောက်တနှစ် အချိန် ထပ်တိုး မတိုး

# ပြည်သူနဲ့ ပူးပေါင်းရန် စစ်တပ်ကို တိုက်တွန်း

**DVB ၊ မတ်လ ၂၃ ။** ။ ဒီမိုကရေစီဖော်ဆောင်ရေး ပူးပေါင်းပါဝင်ကြဖို့ တပ်မတော်သားတွေကို အမေရိကန်ပြည်ထောင်စုအခြေစိုက် အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့နဲ့ မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်တို့က တိုက်တွန်းပါတယ်။

ဒီလ ၂၇ ရက်မှာကျရောက်မယ့် ဆက်ဆစ်တော်လှန်ရေးနေ့အထိမ်းအမှတ်ဖြစ် ဝါရှင်တန်ရှိ နအဖသံရုံးရှေ့တနင်္လာနေ့ဆန္ဒပြပွဲမှာ တိုက်တွန်းတာပါ။

"တပ်မတော်ထဲမှာရှိတဲ့ အရာရှိအရာခံ အကြပ်တပ်သားအားလုံး ဒီမိုကရေစီရရှိရေးကြိုးပမ်းမှုကြီးမှာ ပူးပေါင်းပါဝင်လာကြဖို့ကို အာဏာရှင်စနစ် ဆန့်ကျင်ရေးလူထုလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့အနေနဲ့ရော မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ်အနေနဲ့ပါ လေးစားစွာဖိတ်ခေါ်ပါတယ်"။

မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ၊ အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဦးရွှေစင်ထွန်းက ပြောပြတာဖြစ်ပါတယ်။ သူဆက်ပြောတာက...

"တချို့တပ်မှူးတွေအနေနဲ့ ဗိုလ်ချုပ်သန်းရွှေနဲ့အပေါင်းအပါတွေကို ဖယ်ရှားနိုင်မယ်ဆိုရင် ဖယ်ရှားပြီးတော့ တိုင်းပြည်ကရွေးချယ်ထားတဲ့ ဒီမိုကရေစီခေါင်းဆောင်တွေနဲ့ ကမ္ဘာကအသိအမှတ်ပြုထားတဲ့ ခေါင်းဆောင်တွေနဲ့ စကားပြောမယ်ဆိုရင်လည်း စကားပြောလို့ရတယ်၊ လုပ်နိုင်တဲ့အရာတွေဖြစ်တယ်။ နအဖစစ်ခေါင်းဆောင်တွေက နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးကိစ္စတွေ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးအကြောင်းအရာတွေကို လုံးဝလျစ်လျူရှုပြီးတော့ လမ်းပြမြေပုံ ၇ ချက်အတိုင်းပဲ ရွေးကောက်ပွဲကို ဇွတ်အတင်းလုပ်မယ်ဆိုလို့ရှိရင်တော့ ပြည်သူလူထုအားလုံးက ပူးပေါင်းပါဝင်လာနိုင်တဲ့ ဆုံးဖြတ်ပေးမယ့်တိုက်ပွဲကြီးကို ရင်ဆိုင်ရလိမ့်မယ်၊ အဲဒီအခါကျရင် တပ်မတော်သားတွေအနေနဲ့ ပြည်သူလူထုဘက်ကနေ ပူးပေါင်းပါဝင်လာဖို့ကို ကျနော်တို့က အလေးအနက်တိုက်တွန်းအပ်ပါတယ်။"

---

**စာမျက်နှာ ၅ မှ**

အခြေစိုက် အမျိုးသားကျန်းမာရေးနှင့်ပညာရေးကော်မတီ National Health and Education Committee (Burma) က လေ့လာ စောင့် ကြည့်နေပါတယ်။ NHEC အနောက်ဘက်ဒေသ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဦးက

"ကျနော်တို့လှုပ်ရှားနေတဲ့ အိန္ဒိယ–မြန်မာနယ်စပ်ဒေသ တလျှောက်မှာတော့ တီဘီရောဂါဖြစ်မှုက ပိုပြီးတော့များလာတာကိုတွေ့ရတယ်" လို့ ပြောပါတယ်။

"ပြီးခဲ့တဲ့ ၁၀ နှစ်က ရွာတရွာမှာ အလွန်ဆုံး တီဘီရောဂါဆိုရင် နှစ်ယောက်သုံးယောက်လောက်သာရှိပေမယ့် အခု သုံးပုံတပုံလောက် တီဘီရောဂါဖြစ်တာကို တွေ့ရတယ်။ ဘာကြောင့်မနိုင်မနင်းဖြစ်နေရလဲဆိုရင် အစိုးရက တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းတွေနဲ့ပတ်သက်ပြီးတော့ နယ်စပ်ဒေသအထိရောက်အောင် မဆောင်ရွက်နိုင်ဘူး၊ ရောဂါမပျောက်ကင်းဘဲနဲ့ ပိုပြီးတော့ ဆိုးဆိုးရွားရွား ပြန့်ပွားနေတာကို တွေ့ရတယ်။"

---

နောက်လမှာဆုံးဖြတ်ရမှာဖြစ်ပါတယ်။ အခု အာဆီယံခရီးစဉ်အတွင်းမှာတော့ ဒီကိစ္စကိုအကျယ်တဝင့်ပြောဆိုတာမရှိဘူးလို့ Mr.Fassino ရဲ့လက် ထောက်က ပြောပါတယ်။ ဒါပေမယ့်လည်း မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ်တဲ့နည်းရော အာဆီယံတွေကျင့်သုံးတဲ့ စစ်အစိုးရနဲ့ထိစပ်ပျောင်းဖျတဲ့နည်းရော နှစ်ခုစလုံး အလုပ်မဖြစ်ဘူး။ မထိရောက်ဘူးဆိုတာသိသာနေတဲ့အတွက် ဒီထက် ကောင်းမွန်နိုင်မယ့် နည်းလမ်းတွေကိုသူတို့ဘက်က အဖြေထုတ်နေတယ်လို့လည်း Mr. Ugo Papi က ပြောဆိုခဲ့ပါတယ်။

# ပြည်ပရင်းနှီးမြှုပ်နှံမှု နှစ်ဆတိုးသည်ဟု နအဖစစ်အုပ်စု ထုတ်ပြန်ကြေညာ

**DVB ၊ မတ်လ ၂၂ ။** ။ မြန်မာနိုင်ငံမှာ ၂၀၀၈ ပထမ ၁၁ လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တရုတ်အစိုးရရဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းအပါအဝင် အမေရိကန်ဒေါ်လာ ၉၇၅ သန်းနီးပါးရှိတယ်လို့ နအဖစစ်အုပ်စုရဲ့ အစီအရင်ခံစာမှာ ဖော်ပြကြောင်း အေပီသတင်းမှာ ဖော်ပြပါတယ်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနရဲ့ ဒီနှစ်မတ် ၁၉ ရက် အစီရင်ခံစာအရ ၂၀၀၇ မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၅၀၅ ရှိခဲ့ရာက နှစ်ဆနီးပါး တိုးတက်လာတာလို့ ဆိုပါတယ်။ ဒီအစီရင်ခံစာပါ ၂၀၀၈ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုတွေထဲမှာ သတ္တုတူးဖော်ရေးက ၈၈ ရာခိုင်နှုန်းကျော်ပါတယ်။ သတ္တုတွင်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ တရုတ်တနိုင်ငံတည်းက ဒေါ်လာသန်း ၈၅၅.၉၉၊ စင်ကာပူက ဒေါ်လာ ၅ သန်း ပါဝင်နေတယ်လို့ဆိုပါတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ ရုရှားက ဒေါ်လာ ၉၄ သန်း၊ ဗီယက်နမ်က သန်း ၂၀ ပါဝင်ပါတယ်။ နအဖစစ်အုပ်စုရဲ့ စီးပွားရေးအစီရင်ခံစာအရ ၂၀၀၈ မှာ မြန်မာနဲ့နိုင်ငံတကာကုန်သွယ်မှု အမေရိကန်ဒေါ် လာ ၁၁.၄၉၂ ဘီလျံ ရှိခဲ့ပြီး နိုင်ငံခြားကိုတင်ပို့မှုက ဒေါ်လာ ၇.၁ ဘီလျံရှိပြီး ပြည်တွင်းကို တင်သွင်းမှုကတော့ ဒေါ်လာ ၄.၃ ဘီလျံနဲ့ ပိုလျှံကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၂.၇ ဘီလျံရှိတယ်လို့ ဆင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

နအဖစစ်အုပ်စုက နိုင်ငံတကာကို အမိကတင်ပို့တာ သဘာဝဓာတ်ငွေ့ဖြစ်ပြီး ၂၀၀၈ မှာ အမေရိကန်ဒေါ်လာ ၂.၅ ဘီလျံရှိတယ်လို့ဆိုပါတယ်။ “နိုင်ငံခြားငွေရလာတိုင်း တိုင်းပြည်ကြီးဟာ တိုးတက်ပါပြီလို့ ပြောဖို့ခက်တယ်” လို့ အမေရိကန်အခြေစိုက် စီးပွားရေးပညာရှင် ဦးစိန်ဌေးက ပိုင်းခြားသုံးသပ်ပြပါတယ်။

“အဲဒီရလာတဲ့ငွေကို ဘယ်လိုသုံးလဲဆိုတာ တအားအရေးကြီးတယ်။ တစ်အချက်၊ အဲဒီကအရင်းအနှီးဝင်လာတာသည် ကမ္ဘာမှာစီးပွားပျက်ကပ် မဆိုက်ခင်က လေးငါးခြောက်လလောက်က အရင်းအနှီးတွေဖြစ်တော့ အဲဒီ impact – အကျိုးသက်ရောက်မှု) မဝင်ခင်မှာ ဝင်တယ်။ ဒါကြောင့် နည်းနည်းများတယ်။ “အဲဒီကဝင်လာတဲ့ အရင်းအနှီးသည် သတ္တုကဏ္ဍရယ်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍရယ်၊ ကဏ္ဍနှစ်ခုပဲ ဝင်တာဖြစ်တယ်။ အဲဒီကဏ္ဍတွေပြန်ကြည့်တော့ ဗမာနိုင်ငံမှာ အဲဒီကဏ္ဍတွေသည် အရပ်စကားပြောရင် ဆုလွယ်နပ်လွယ်ဖြစ်တဲ့ ကဏ္ဍတွေဖြစ်နေတယ်။”

“ဗမာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်တယ်။ အခုဝင်လာတဲ့ အရင်းအနှီးသည် စိုက်ပျိုးရေးကဏ္ဍအတွက် တပြားတချပ်မှမပါဘူး။ ဗမာနိုင်ငံသည် တောင်သူလယ်သမားအများစုနေတဲ့နိုင်ငံဖြစ်တယ်။ တောနေလူတန်းစား က ၈၀ ရာခိုင်နှုန်း – လူ ၁၀၀ ရှိရင် ၂၀ လောက်မြို့နေတာ။ လယ်ယာကဏ္ဍ စိုက်ပျိုးရေး၊ တောင်သူလယ်သမား၊ ဒီလူတွေရဲ့ဘဝအတွက်လာပြီး ရင်းနှီးမြှုပ်နှံတာမဟုတ်ဘူး၊ အများစုလုပ်တဲ့လုပ်ငန်းမှာလာပြီး ရင်းနှီးမြှုပ်နှံမှ တိုင်းပြည်စီးပွားတိုးတက်မှာဖြစ်တယ်။ ဒါ့ကြောင့် လက်ငင်းမှာလည်း တိုင်းပြည်၊ ပြည်သူလူထုအတွက် အကျိုးရှိမှာ မဟုတ်သလို တိုင်းပြည်တိုးတက်ဖို့အတွက် အခက်အခဲရှိတယ်။”

နအဖစစ်အုပ်စုက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှစ်ဆတိုးတယ်လို့ နိုင်ငံတကာနဲ့ပြည်သူကို ကိန်းဂဏန်းနဲ့ လှည့်စားနေတာဖြစ်ပြီး ရင်းနှီးမြှုပ်နှံပါတယ်ဆိုတဲ့ တရုတ်၊ ရုရှ၊ ဗီယက်နမ်တို့ဟာ စစ်အာဏာရှင်သက်ဆိုးရှည်ရေးအတွက် ထောက်ခံတဲ့နိုင်ငံတွေဖြစ်နေတယ်လို့ ဦးစိန်ဌေးက ထောက်ပြပါတယ်။

“စီးပွားရေးအရ တိုးတက်နေတယ်၊ တို့နိုင်ငံမှာ လာပြီးလုပ်လို့ရှိရင်လည်း အကျိုးအမြတ်တွေရှိလို့ နိုင်ငံတကာက ငါတို့နိုင်ငံကို ဆက်ဆံနေတယ်ကွ၊ တကမ္ဘာလုံးမှာ စီးပွားပျက်ကပ်ဆိုက်တဲ့အချိန်မှာ ငါတို့ကို မထိဘူးကွ၊ ဗမာနိုင်ငံ ဒီလောက်စီးပွားရေးဒုက္ခရောက်ပြီးနေတာကို ဂဏန်းအားဖြင့်လိမ်တဲ့လူတွေ ဆိုတော့ အဲဒီလိုပမာဏများရင် ကြွားတဲ့အဆင့်ရှိတော့ ဒါ ကြွားလိုက်တာပဲ။ လေလုံးထွားတာပေ့ါဗျာ။ တကယ်တမ်း တိုင်းပြည်အတွက် အကျိုးရှိရှိလုပ်စေချင်ရင် နှစ်စဉ်ဝင်နေတာပဲ မနှစ်ကဆိုရင် ၂၀၀၈ မှာ သန်းသုံးထောင်ရတယ်၊ နာဂစ်အတွက်သုံးပါလား၊ မသုံးဘူး၊ ကမ္ဘာကိုလက်ဖြန့်တယ်ဆိုကတည်းကိုက နအဖသည် တကယ်တော့ ပြည်သူ့အတွက်မလုပ်ဘူး၊ သူတို့သက်ဆိုးရှည်ဖို့အတွက် လုပ်နေတယ်ဆိုတာ အဖြေထွက်နေပြီ။”

---

# တွံတေးမြို့မှ ကျူရှင်ဆရာဦးအောင်ဖေ ဆန္ဒပြမှု ပြန်အဖြင့်ဖမ်းခံရ

**Mizzima ၊ မတ်လ ၂၇ ။** ။ ရန်ကုန်တိုင်း၊ တွံတေးမြို့မှ တကိုယ်တော် ဆန္ဒပြသမား ကျူရှင်ဆရာဦးအောင်ဖေသည် ယနေ့နံနက်ပိုင်းကဆန္ဒပြရာ အာဏာပိုင်များက ဖမ်းဆီးခေါ်ဆောင်သွားသည်။

အသက် ၅၂ နှစ်အရွယ်ဦးအောင်ဖေသည် တွံတေးမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့တွင် ယနေ့နံနက် ၆ နာရီခန့်မှ နေ့လည် ၁၁ နာရီခွဲအထိ မတ်တပ်ရပ်ဆန္ဒပြခဲ့ခြင်းဖြစ်ပါသည်။ “သူကဘာမှမလုပ်ဘူး၊ သူ့စာဖတ်နေတာ စည်းဝိုင်းတားပြီးမတ်တပ်ရပ်တယ်၊ တမနက်လုံးရဲတွေမတွေ့ဘူး။ တွေ့တော့မှ ဓါတ်ပုံရိုက်ပြီးခေါ်သွားတာဘဲ။ ရိုးရိုးရဲတွေ၊ ရဲသတင်းတပ်ဖွဲ့တွေနဲ့ ရပ်ကွက်လူကြီး ရယက တွေ့ပါတယ်” မျက်မြင်သက်သေတဦးကပြောပါသည်။

ဆန္ဒပြစဉ်တလျှောက်လုံး မည်သည့်ကြွေးကြော်အော်ဟစ်မှုမျိုးမှမရှိကြောင်းသိရပါသည်။

ဦးအောင်ဖေသည် ယခင်နှစ်များကလည်း ဆန္ဒပြမှုများပြုလုပ်ခဲ့သူဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်၊ ဂျန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် ၆၀ နှစ်မြောက်လွတ်လပ်ရေးနေ့တွင် တိုင်းပြည်၌အမှန်တကယ်လွတ်လပ်ခြင်းမရှိကြောင်း ပြသသည့်အနေဖြင့် လက်ကိုပလပ်စတစ်ကြိုးနှင့်ချည်ကာ လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် နှစ်မိနစ်ခန့်အလေးပြုဆန္ဒပြခဲ့ပါသည်။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင်ကျရောက်သည့်အမျိုးသားနေ့တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ သွားရောက်နေစဉ် တွံတေးမြို့နယ်ရဲမှူးက မေးစရာရှိသည်ဆိုကာ အချုပ်ခန်းတွင်တလကျော်ကြာ ထိန်းသိမ်းခံခဲ့ရသေးသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၈ ရက်နေ့က ရှစ်လေးလုံးနေ့အမှတ်တရပြုလုပ်ခြင်း မေလအတွင်းက လူလုဆန္ဒခံယူပွဲကျင်းပရာမဲရုံတွင် မဲလိမ်လည်မှုကိုကန့်ကွက်ခြင်း အဖွဲ့ချုပ်ကလက်ကမ်းစာရွက်များကို NO အင်္ကျီဝတ်ကာ လိုက်လံဝေငှခြင်းတို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုကို ထိခိုက်ပျက်ပြားစေသည်ဟုဆိုကာ တွံတေးမြို့နယ်တရားရုံးက ပြီးခဲ့သည့်ဒီဇင်ဘာလ ၁၆ ရက်နေ့မှစတင်ကာ သူ့ကိုတနှစ်ခြေချုပ်ချထားခဲ့ပါသည်။

၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကလည်း ၁၀ တန်းကျောင်းသားများနှင့်အတူ လွတ်လပ်ရေးကျောက်တိုင်တွင် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အခမ်းအနားပြုလုပ်ခဲ့သဖြင့် နောက်တရက်တွင်မူ သူ့ကိုမြို့နယ်တရားရုံးက ပုဒ်မ ၂၃ ကျူရှင်အက်ဥပဒေဖြင့်တရားစွဲကာ ထောင်ဒဏ် ၃ နှစ်ပြစ်ဒဏ်ချခဲ့ရာ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်ပြန်လွတ်လာခဲ့ပါသည်။

တွံတေးမြို့နယ်တွင်ယနေ့ဆန္ဒပြမှုသည် ယခုလအတွင်း ဒုတိယအကြိမ်မြောက်ဖြစ်သည်။ နာဂစ်မုန်တိုင်းသင့်ဒုက္ခသည်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းချုပ်က ပေးဝေထားသည့်နေအိမ်များကို ဒေသအာဏာပိုင်များက ဆွေမျိုးနီးစပ်များအတွက် ဦးစားပေးဝေငှလိုက်သဖြင့် မကျေနပ်သည့်ရွာသား ၂၀ ခန့်က တွံတေးမြို့လေဘေးပြန်လည်ထူထောင်ရေးရုံးရှေ့တွင် ယခုလ ၂၀ ရက်နေ့က ဆန္ဒပြခဲ့ပါသေးသည်။

# ကရင်အမျိုးသားအစည်းအရုံးအားဖျောင်းဖျရန် ထိုင်းအစိုးရက နအဖနှင့်သဘောတူ

**Mizzima ၊ မတ်လ ၂၄ ။** ။ မြန်မာစစ်အစိုးရကမေတ္တာရပ်ခံခဲ့ပြီးနောက် ထိုင်းအစိုးရက ကရင်အမျိုးသားအစည်းအရုံးနှင့်တွေ့ဆုံဆွေးနွေးကာ အမျိုးသားရင်ကြားစေ့ရေးအစီအစဉ်တွင်ပါဝင်ရန်နှင့် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရေး ဖျောင်းဖျရန် သဘောတူခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး Kasit Piromya က သူ၏မြန်မာနိုင်ငံခရီးစဉ်အတွင်း တနင်္လာနေ့က မြန်မာဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီး ဦးညာဏ်ဝင်းတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ မြန်မာအရာရှိများက ထိုင်းအစိုးရကိုတိုင်းရင်းသားသူပုန်တပ်ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပေးရန်မေတ္တာရပ်ခံ ခဲ့သည်ဟုဆိုပါသည်။

“KNU သည် စစ်အစိုးရ၏အမျိုးသားရင်ကြားစေ့ရေးအစီအစဉ်တွင် မပါဝင်သေးကြောင်း၊ အကယ်၍ဆွေးနွေးပွဲအောင်မြင်ပါက ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ ပြဿနာများကိုလည်းပြေလည်သွားစေလိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း” ဟု Mr.Kasit က ထိုင်းနိုင်ငံအမျိုးသားသတင်းဗျူရိုသို့ တယ်လီဖုန်းမှတဆင့် အင်တာဗျူးဖြေကြားရာတွင်ပြောကြားသွားပါသည်။ သို့သော် ဆွေးနွေးမည့်အစီအစဉ်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပါ။ ဤကိစ္စသည် အမျိုးသားလုံခြုံရေးကိစ္စနှင့်ဆက်စပ်နေသဖြင့် ပြော၍မဖြစ်ကြောင်းသူကပြောဆိုပါသည်။

ကရင်အမျိုးသားအစည်းအရုံး KNU နှင့် ရှမ်းပြည်တပ်မတော် SSA တို့သည် စစ်အစိုးရ၏ဒီမိုကရေစီသို့ကူးပြောင်းရေးအဆင့် ၇ ဆင့်ပါ လမ်းပြမြေပုံကိုလက်မခံဘဲ လက်နက်ကိုင်တိုက်ပွဲကို ဆက်လက်ဆင်နွှဲလျက်ပင်ရှိသည်။ စစ်အစိုးရက ၂၀၁၀ ခုနှစ်တွင်ကျင်းပရန်စီစဉ်ထားသည့် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ပြောကြားရာတွင် မြန်မာအစိုးရနှင့် အတိုက်အခံပါတီများသည် ယင်းတို့အတူတကွလက်တွဲဆောင်ရွက်နိုင်မည့် ဘုံဖြေရှင်းနည်းတရပ်ကို လောလောဆယ်ရှာဖွေလျက်ပင်ရှိသေးကြောင်းဖြင့် Mr.Kasit က ပြောပါသည်။

သို့သော် နိုင်ငံတကာအသိုင်းအဝိုင်းကမူ ၂၀၁၀ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာပတ်သက်ဆက်နွှယ်နေသူအားလုံး ရှင်းရှင်းလင်းလင်းနှင့် မျှမျှတတပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်မရှိကြောင်း ပြောကြားပါသည်။ ထိုင်းနိုင်ငံရောက် ရိုဟင်ဂျာများ၏ ပြဿနာနှင့်စပ်လျဉ်း၍လည်း ဝန်ကြီးကရှင်းလင်းပြောကြားရာတွင် သူတို့ကို မြန်မြန်ဆန်ဆန်နိုင်ငံရင်းသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ခိုလှုံခွင့်လျှောက်ထားသူများ၏နိုင်ငံသားကိစ္စလာရောက်စိစစ်ပါရန် မြန်မာအာဏာပိုင်များကို သူဖိတ်ကြားခဲ့သည်ဟုဆိုပါသည်။

မည်သို့ပင်ဆိုစေ အဆိုပါလှေစီးဒုက္ခသည်များကို ထိုင်းနိုင်ငံကကြမ်းတမ်းစွာပြုဆက်ဆံခဲ့သည်ဟူသော စွပ်စွဲချက်များကိုမူ ငြင်းဆိုသွားခဲ့သည်။ ဤကိစ္စသည် ဒေသတွင်းအရေးပါသောပြဿနာတရပ်ဖြစ်လာခဲ့သည်။ လှေစီးဒုက္ခသည်များကို ပုံမှန်စစ်ဆေးမေးမြန်းမှုများပြုလုပ်နေပြီး၊ ထိုင်းနိုင်ငံအနေဖြင့်သူတို့အားလူသားချင်းစာနာသည့်အကူအညီများပေးအပ်ရန်ကိုသာ အာရုံစိုက်ဆောင်ရွက်နေသည်ဟု Mr.Kasit ကပြောပါသည်။

ယခင်ရာထူးမှထုတ်ပယ်ခံရသော ထိုင်းဝန်ကြီးချုပ် Thaksin Shinawatra လက်ထက်က ထိုင်းထုတ်ကုန်သွင်းကုန်ဘဏ်မှတဆင့် မြန်မာအစိုးရသို့ပေးအပ်ခဲ့သည့် အငြင်းပွားဖွယ်ဘတ်ငွေ ၄ ဘီလျံ (အမေရိကန်ဒေါ်လာ ၁၁၄ သန်း) ချေးငွေကိစ္စနှင့်စပ်လျဉ်း၍ ဆက်လက်ပြောကြားရာတွင် ဤချေးငွေကိုရန်ကုန်ရှိထိုင်းဘုရင့်သံရုံးမှတဆင့် မြန်မာအစိုးရကမှန်မှန်ပြန်လည်ပေးဆပ်လျက်ရှိကြောင်း “ဤလာဘ်စားမှုသည် ထိုင်းနိုင်ငံ၏ပြဿနာသက်သက်သာဖြစ်ကြောင်း” ပြောခဲ့သည်။

ခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဆဲဖြစ် သည့် လုပ်ငန်းများကိုလည်းဆွေးနွေးခဲ့ပြီး ထိုလုပ်ငန်းများတွင် ဆိုင်ကလုံးနာဂစ်ဒဏ်ခံဒုက္ခသည်များအား နောက်ထပ်အကူအညီပေးရေးကိစ္စများလည်းပါဝင်သည်။

---

# နအဖဖိအားပေးသည်ကို လိုက်လျောမည်မဟုတ်ဟု ကေအဲန်ယူပြောဆို

**Mizzima ၊ မတ်လ ၂၅ ။** ။ တောင်းဆိုထားသည့်အတိုင်း စစ်အစိုးရက လမ်းပြမြေပုံတွင် အပြောင်းအလဲများမပြုလုပ်ပါက ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မည်သည့်ပုံစံဖြင့်ဖိအားပေးသည်ဖြစ်စေ လိုက်လျောမည်မဟုတ်ဟု ကရင်အမျိုးသားအစည်းအရုံး KNU က ယနေ့ ပြောကြားလိုက်ပါသည်။

KNU က ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် တံခါးဖွင့်ထားသော်လည်း စစ်အစိုးရ၏ဖွဲ့စည်းပုံဥပဒေကို ပြန်လည်ပြင်ဆင်ရန် မိမိတို့၏တောင်းဆိုချက်အပေါ် အခိုင်အမာဆက်၍ရပ်တည်မည်ဟု KNU ဒုဥက္ကဋ္ဌ ဒေးဗစ်တာကပေါက ပြောဆိုခြင်းဖြစ်ပါသည်။ KNU က အားလုံးပါဝင်သည့်ဆွေးနွေးပွဲကိုအခြေခံသော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်ကို တောင်းဆိုထားပြီး စစ်အစိုးရ၏ အဆင့် ၇ ဆင့်ပါလမ်းပြမြေပုံကိုသပိတ်မှောက်ခဲ့သည်။

“စစ်အစိုးရရဲ့လမ်းပြမြေပုံနဲ့ပတ်သက်ရင် ကျနော်တို့ရဲ့ရပ်တည်ချက်က ပြောင်းလဲမှာမဟုတ်ပါဘူး၊ ဒါကိုလက်မခံနိုင်ပါဘူး” ဟု ဒေးဗစ်တာကပေါ က မဇ္ဈိမကိုပြောပါသည်။ မည်သို့ပင်ဖြစ်စေ စစ်အစိုးရက ဖြစ်ပွားဆဲမြန်မာနိုင်ငံ၏ပဋိပက္ခများကိုဖြေရှင်းရန် ရည်ရွယ်သည်ဟုဆိုပါက KNU က မြန်မာအစိုးရနှင့်ဆွေးနွေးရန်အသင့်ရှိကြောင်းပြောဆိုပါသည်။ “စစ်အစိုးရကသာပြဿနာတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ဖြေရှင်းချင်စိတ်ရှိတယ်ဆိုရင် ကျနော်တို့ကလည်း သူတို့နဲ့ဆွေးနွေးမှာပါ” ဟု သူက ပြောပါသည်။

သို့သော် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို အရင်ဆုံးခေါ်ယူရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် KNU က စစ်အစိုးရကိုဆက်လက်တောင်းဆိုကြောင်း သူကဆက်ပြောပါသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရေး KNU ကို ဖျောင်းဖျပေးပါရန် စစ်အစိုးရကသူ့ကိုမေတ္တာရပ်ခံခဲ့ကြောင်းဖြင့် တနင်္ဂနွေနေ့ကမြန်မာနိုင်ငံသို့ ၂ ရက်ကြာ အလည်အပတ်သွားရောက်ခဲ့သော ထိုင်းနိုင်ငံခြားရေးဝန်ကြီး Kasit Piromya ကယမန်နေ့ကပြောပါသည်။

KNU က ယခုအထိ ထိုင်းအစိုးရထံမှဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ တရားဝင်ဆက်သွယ်အကြောင်းကြားမှုမရှိသေးကြောင်းဖြင့် တာကပေါက ပြောပါသည်။ ပြီးခဲ့သောလကတည်းက ထိုင်းအစိုးရက KNU ကို နောက်ထပ်ဖိအားများပေးခဲ့ပြီး သူတို့ပိုင်နက်နယ်မြေမှ ထွက်ခွာသွားရန်အမိန့်ပေးခဲ့သည်။ ယင်းသို့ပြုလုပ်ခြင်းသည် မြန်မာစစ်အစိုးရ၏ဖိအားကြောင့်ဖြစ်နိုင်သည်ဟု မြန်မာအကဲခတ်များက ယုံကြည်ကြသည်။

“ကျနော်တို့ရုံးတွေအားလုံးကို မြန်မာနိုင်ငံထဲက KNU ထိန်းချုပ်ထားတဲ့နယ်မြေထဲကိုပြောင်းရွှေ့ပြီးပါပြီ” ဟု တာကပေါက ပြောပါသည်။ မြန်မာစစ်တပ်က တောင်ငူ၊ ညောင်လေးပင်နှင့်သထုံခရိုင်များတွင် သူတို့ကိုဆက်လက်တိုက်ခိုက်နေကြောင်း ပြောပါသည်။ သူက “သူတို့(မြန်မာစစ်တပ်)က ကျနော်တို့ကိုနေ့စဉ်တိုက်ခိုက်နေတုန်းပါဘဲ“ဟု ပြောပါသည်။

KNU နှင့် ယင်းလက်နက်ကိုင်တပ်ဖွဲ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA တို့သည် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးအတွက် ၁၉၄၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင်သက်တမ်းအရှည်ဆုံး ဆန့်ကျင်တိုက်ပွဲဝင်နေသည့် လက်နက်ကိုင်လူမျိုးစုတော်လှန်ရေးတပ်ဖွဲ့ဖြစ်သည်။ ယခင်က KNU သည် မြန်မာစစ်အစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သော်လည်း စစ်အစိုးရဝန်ကြီးချုပ်ခင်ညွန့်ကို ရုတ်တရက်ဖယ်ရှားထုတ်ပယ်လိုက်ပြီးနောက် ဤကြိုးပမ်းမှုများအားလုံးမအောင်မမြင်ဖြစ်ခဲ့ရသည်။ ဤအချိန်ကတည်းကစ၍ နှစ်ဘက်အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများရပ်ဆိုင်းသွားခဲ့သည်။

# ဒေါ်ကြည်ဦး၏ ဈာပန ပရိသတ်တသောင်းခန့် လိုက်ပါပို့ဆောင်ဂါရဝပြု

**DVB ၊ မတ်လ ၂၁ ။** ။ နိုင်ငံကျော်လူရွှင်တော် ဇာဂနာရဲ့မိခင် သခင်မကြီး ဒေါ်လှကြည်(စာရေးဆရာမ ကြည်ဦး)ရဲ့ ဈာပနကို ဒီနေ့မွန်းလွဲ ရေဝေးသုသာန်မှာဆောင်ရွက်ရာမှာ လူပေါင်းတသောင်းလောက် တက်ရောက်တယ်လို့မိသားစုက ပြောပါတယ်။

ဆရာမကြီးရဲ့ဈာပနကို ရုပ်ရှင်မင်းသားကျော်သူ ဦးဆောင်တဲ့ နာရေးကူညီမှုအသင်းကတာဝန်ယူပြီး နေအိမ်အကျယ်ချုပ်ကျနေတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ပန်းခွေပို့ဆောင်ဂါရဝပြုတယ်လို့ ဒေါ်ကြည်ဦးရဲ့ခင်ပွန်း စာရေးဆရာနန်းညွန့်ဆွေက ပြောပြပါတယ်။

“ဒီကနေ့ပဲ သင်္ဂြိုဟ်လို့ပြီးပြီ ရေဝေးသုသာန်ပို့ဆောင်ခဲ့တယ်၊ အခုပဲ ပြန်ရောက်တယ် ၁၂ နာရီကို သွားတယ်ဆိုတော့ နေကလည်းပူလိုက်တာ ရေဝေးသုသာန်ကလည်းဝေးလိုက်တာ၊ အသုဘတခုလုံး လှလှပပနဲ့ ခမ်းခမ်းနားနားနဲ့ အောင်မြင်သွားတယ်။”

ဒီဈာပနကို စာပေ၊ ရုပ်ရှင်၊ အနုပညာနဲ့ နိုင်ငံရေးလောကက ပုဂ္ဂိုလ်တွေနဲ့လေးစားချစ်ခင်သူတွေ လာရောက်ပို့ဆောင်ပါတယ်။ သားငယ် မောင်သူရ (ဇာဂနာ)ကို အာဏာပိုင်တွေက နှစ်ရှည်ထောင်ဒဏ် ချမှတ်လိုက်ကတည်းက ကျန်းမာရေးပိုဆိုးလာတဲ့ ဒေါ်ကြည်ဦးကို ဒီလဆန်း ၆ ရက်မှာ ရန်ကုန် ဗဟိုစည်အထူးကုဆေးခန်းကို ပို့ဆောင်ကုသပါတယ်။ ဒီလ ၁၄ ရက်မှာ နေအိမ်ကို ပြန်ခေါ်လာပြီး ၂၀ ရက် ည ၈ နာရီ ၁၅ မိနစ်မှာ ကွယ်လွန်ပါတယ်။ မြန်မာ့ရိုးရာစကားထာများအပါအဝင် စာအုပ်တော်တော်များများရေးသားခဲ့တဲ့ ဒေါ်ကြည်ဦးကွယ်လွန်သွားတာဟာ အစားထိုးမရတဲ့ဆုံးရှုံးမှုပဲလို့ စာရေးဆရာမောင်မိုးသူက ပြောပါတယ်။

“ဆရာမကြီးဟာ စာပေရော နိုင်ငံရေးရော အနုပညာရော အများကြီး ရဲရဲတောက်ဆောင်ရွက်ခဲ့တဲ့ အမျိုးသမီး။ သူတို့၊ လူထုဒေါ်အမာတို့လို နိုင်ငံရေးရော၊ စာပေရော ခေါင်းဆောင်မှုပေးခဲ့တဲ့အတွက် ကျနော်တို့ ဒီကနေ့အမျိုးသမီးတွေက ဗမာပြည်နိုင်ငံရေးနယ်ပယ် စာပေနယ်မှာ ထူးချွန်ထက်မြက်တဲ့ အားကျစိတ်တွေပေါ်လာတယ် ကျနော်က အဲဒီလိုခံယူထားတယ်။ “

“ဒေါ်ကြည်ဦးက အနုပညာနဲ့ပတ်သက်လို့၊ ပြီးတော့ ရသဖွဲ့စည်းမှုပါ ရေးနိုင်တာကိုး။ သမိုင်းကြောင်းဆိုင်ရာများလည်း အင်မတန်မှတ်မိ ၊ အင်မတန်သိတဲ့ အမျိုးသမီးကြီးဗျ။ သူအများကြီးမှတ်မိတယ်၊ အများကြီးသိတယ်၊ အများကြီး တင်ပြနိုင်တယ်။ အဲ့ဒါကြောင့် သူဟာ ထူးချွန်တဲ့၊ ထက်မြက်တဲ့ စာရေးဆရာမ ဖြစ်နေတယ်။ ကျနော်တို့ အသိအမှတ်ပြုရတာပေ့ါ။ တချိန်တည်းမှာလည်း နိုင်ငံရေးနဲ့ပတ်သက်ရင် အင်မတန်ခိုင်မာတယ်၊ ပြတ်သားတယ်။ ပိုပြီးတော့ အံ့ဩစရာကောင်းတာက သားလုပ်တဲ့လူက တိုင်းကျိုးပြည်ကျိုးဆောင်ရွက်တဲ့ အခါမယ် အမေလုပ်တဲ့ ဒေါ်ကြည်ဦးဟာ သားအတွက်ဂုဏ်ယူပြီးသကာလ သားကိုထောက်ခံအားပေးတဲ့လူ တလျှောက်လုံးလုပ်ခဲ့တာ။ ဒေါ်ကြည်ဦးဟာ ထူး ချွန်ထက်မြက်တဲ့ အမျိုးသမီးတယောက် ဖြစ်ပါတယ်။

# ကဗျာဆရာကြည်အောင် ကွယ်လွန် ၊ ကဗျာများ ရှင်သန်ကျန်ရစ်မည်

**DVB ၊ မတ်လ ၂၈ ။** ။ ကဗျာဆရာကြည်အောင် ဖက်ဆစ်တော်လှန်ရေးနေ့မှာ ကွယ်လွန်သွားပါပြီ။

မန္တလေးဆေးရုံကြီး နှလုံးရောဂါအထူးကုသဆောင်မှာ ဆရာကြည်အောင် (အသက် ၇၂ နှစ်) မနေ့ညနေ ၃ နာရီ ၄၆ မိနစ်မှာ ကွယ်လွန်သွားတယ်လို့ ဆရာ့တူ ကိုခင်မောင်အေးက ပြောပါတယ်။ ဆရာကြည်အောင်ရဲ့သူငယ်ချင်း စာရေးဆရာမောင်မိုးသူက “ကြည်အောင်က အနုပညာသမားတယောက်ဖြစ်ပါတယ်၊ အင်မတန်မှထင်ရှားတဲ့ ကဗျာဆရာတယောက်လည်း ဖြစ်ပါ တယ်”လို့ ပြောပါတယ်။

“အင်မတန် ကောင်းမွန်တဲ့ကဗျာကို ရေးခဲ့ပါတယ်၊ တိုင်းကျိုးပြည်ကျိုးနဲ့ပတ်သက်ပြီးတော့လည်း ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့ရပ်တည်တဲ့အတွက် နောက်သူကဗျာရေးခွင့်တောင်မှ မရှိဘဲဖြစ်နေခဲ့ပါတယ်၊ သူ့နာမည်နဲ့ပေ့ါနော်။ သူကွယ်လွန်သွားတဲ့အတွက်၊ သူငယ်ချင်းတယောက် ဆုံးရှုံးသွားတဲ့အတွက် ဝမ်းနည်းသလို တိုင်းပြည်အတွက် စာပေအတွက် အနုပညာအတွက်လည်း အင်မတန်ကြီးမားတဲ့ ဆုံးရှုံးမှုတခုဖြစ်တယ်လို့ ကျနော်ခံစားရပါတယ်။”

မန္တလေးတက္ကသိုလ်မှာ ကျောင်းနေဘက်ဖြစ်ခဲ့ပြီး စာပေလောကကို အတူဝင်ရောက်ခဲ့တဲ့ ဆရာမောင်စွမ်းရည်ကလည်း “သူက အင်မတန်ထက်မြက်တဲ့ တက်ကြွတဲ့ ကဗျာဆရာပေ့ါဗျာ” လို့ အမှတ်တရပြောပါတယ်။ သူ့ကို ကိုသန်းထွန်းက ဝီရရသထူးချွန်တဲ့ ကဗျာဆရာဆိုပြီးတော့ ဝေဖန်လေ့ရှိပါတယ်။

“သူက အင်မတန်တက်ကြွတဲ့ကဗျာဆရာ။ ဒေါ်အောင်ဆန်းစုကြည် ကကိုလေး (အင်းဝဂုဏ်ရည်) နဲ့ ကြည်အောင်တို့ကို နှစ်စဉ်နှစ်တိုင်းအမျိုးသားနေ့၊ လွတ်လပ်ရေးနေ့တို့မှာ ဖိတ်ခေါ်ပြီးတော့ တွေ့လေ့ရှိတယ်။ အဲ့ဒါကြောင့်မို့ သူတို့နှစ်ယောက်ကို စာရေးခွင့် ပိတ်ပင်ထားပါတယ်။ ဒါပေမယ့် ဖမ်းဆီးတဲ့ ဗိုလ်ချုပ်တွေသာ သေပြီးတော့ပျောက်သွားမယ်၊ မြောင်းထဲရောက်သွားမယ်၊ ကိုကြည်အောင်ကတော့ ထာဝရရှင်သန်နေမယ့်ကဗျာဆရာတဦးဖြစ်ပါတယ်၊ သူတို့ကြောင့်မရေးရပေမယ့်လည်း သူရေးထားတဲ့ ကဗျာတွေလည်း ရှိပါလိမ့်မယ်၊ ကျနော်တို့နောက်အခါကျတော့ လုပ်ကြမယ်၊ ကျနော်တို့ သူ့ကျောက်တိုင်ကို မန္တလေးတက္ကသိုလ်မှာ စိုက်ကြမယ်ဆိုပြီးတော့ ရည်စူးထားပါတယ်။”

ကဗျာများစွာရေးခဲ့တဲ့ ဆရာကြည်အောင်ဟာ ‘လမင်းတရာကဗျာများ’ နဲ့ အမျိုးသားစာပေဆုချီးမြှင့်ခံရဖူးပြီး ‘ဟေမန္တခြေမြန်တော်’၊ ‘မိခင်မာရသွန်’ တို့ဟာ ထင်ရှားပါတယ်။

## မြန်မာပြည်တွင်းရေအားလျှပ်စစ်ထုတ်လုပ်ရေးအိန္ဒိယလုပ်ကိုင်ဖွယ်

**VOB ၊ မတ်လ ၂၆ ။** ။ အိန္ဒိယနိုင်ငံက ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ကိုအကြီးမားဆုံးလုပ်ကိုင်နေတဲ့ NHPC လိမိတက်ဟာ မြန်မာနိုင်ငံထဲမှာ ထမံသီ နဲ့ ရွှေဇာရေး ရေအားလျှပ်စစ်ထုတ်ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းကို လုပ်ကိုင်မယ်လို့ သိရပါတယ်။

ကီလိုဝပ် ၁၂၀၀ ထုတ်လုပ်နိုင်မယ့် ထမံသီ နဲ့ ကီလိုဝပ် ၆၄၀ ထုတ်လုပ်နိုင်မယ့် ရွှေဇာရေး ရေလှောင်တမံတည်ဆောက်မယ့်နေရာဟာ ပထဝီအနေအထားအရ ခက်ခဲကြမ်းတမ်းတဲ့နေရာဖြစ်ပါတယ်။ တကယ်လို့ အဲဒီတမံတွေကနေ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပြီဆိုရင် အဓိကရမယ့်သူက အိန္ဒိယဖြစ်ပါတယ်၊ အိန္ဒိယကုမ္ပဏီရဲ့ အရာရှိတဦးက အဲဒီရေလှောင်တမံတွေ ဆောက်လုပ်ရေးနဲ့ပတ်သက်ပြီး အကျိုးအပြစ်တွေကို တွက်ချက်နေပြီလို့ ဆိုပါတယ်။

အဲဒါအပြင် ကုန်ကျစရိတ်အနေနဲ့လည်း အတော်လေးကို များပြားမယ်လို့ သိရပါတယ်။ NHPC လိမိတက်ဟာ အသေးစိတ်ခန့်မှန်းတွက်ချက်မှုတွေကို လုပ်ပြီးမှ လုပ်ငန်းအကောင်အထည်ဖော်မလား မဖော်ဘူးလားဆိုတာကို ဆုံးဖြတ်မယ်လို့ သိရပါတယ်။ အိန္ဒိယလျှပ်စစ်ဝန်ကြီးဌာနက အရာရှိတဦးက ဆုံးဖြတ်ချက်ကိုတော့ နောက်ထပ်အစိုးရသစ်ဖွဲ့ပြီးမှ ချမှတ်မယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံတွင်းက စွမ်းအင်အရင်းအမြစ်တွေကို နအဖစစ်အာဏာပိုင်တွေက အိမ်နီးချင်းနိုင်ငံတွေကို ရောင်းစားပြီး အကျိုးဖြစ်ထွန်းနေပါတယ်။ ပြည်တွင်းရှိ လူထုကတော့ လျှပ်စစ်မီးမရ၊ ရေအလုံအလောက်မရ၊ လောင်စာချို့တဲ့မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

# နာဂစ်မုန်တိုင်းသင့်ဒေသအတော်များများရှိ လယ်များ နလန်မထူနိုင်သေး

**DVB ၊ မတ်လ ၂၂ ။** ။ ဧရာဝတီတိုင်းတွင်း နာဂစ်မုန်တိုင်းသင့်ခဲ့တာ ၁၀ လကျော်လွန်ပြီး နောက် ဆားငန်ရေထိထားတဲ့ လယ်တွေ နာလန်မထူသေးသလို ရေလုပ်ငန်း၊ ဆားလုပ်ငန်းနဲ့ လမ်းပန်းဆက်သွယ်ရေးတို့မှာလည်း အခက်တွေ့ နေတုန်းပဲလို့ ဘိုကလေးမြို့နဲ့ လပွတ္တာဒေသခံတွေက ပြောပါတယ်။

မျိုးစပါးတောင် ပြန်မရ ဖြစ်နေချိန် ဘိုကလေးမြို့နယ် သစ်တိုကျွန်းရွာမှာ ၃ နှစ်စာချုပ်နဲ့ ပေးထားတဲ့ လယ်ထွန်စက်ကို စက်ပိုင်ရှင်တွေက ပြန်သိမ်းနေတယ်လို့ ဘိုကလေးမြို့ခံတဦးက ပြောပါတယ်။

"ဒီနှစ်လယ်သမားတွေ စပါးတွေကမထွက်၊ လယ်တွေကပျက်စီး၊ အကြွေးတွေတောင် မကျေကြဘူးလေ၊ အဲဒီလိုအနေအထားတွေဖြစ်နေတော့ သူတို့ပထမတရစ်ကိုမပေးနိုင်ကြဘူး၊ မပေးနိုင်တော့ စက်ပြန်အသိမ်းခံရတယ်။"

ဘိုကလေးမြို့နယ် ဒေါင်းကြီးဒိုင်ရွာနဲ့ လပွတ္တာမြို့နယ် ပျဉ်ထောင်ရွာတို့မှာလည်း စက်ပိုင်ရှင်တွေက လယ်ထွန်စက်ဖိုးပြန်မတောင်းသေးပေမဲ့ လာတောင်းရင်လည်း လယ်သမားတွေမှာ ပေးစရာမရှိကြဘူးလို့ ဒေသခံတဦးကပြောပါတယ်။

"လယ်ထွန်စက်အကုန်လုံးဆို ၃ စီးလောက်ရတယ်၊ လက်မှတ်ထိုးထားတာက အစ်မတို့စက်တွေဆိုရင် ၁၅ သိန်း၊ ၁၂ သိန်း၊ ၉ သိန်းရယ်။ စိုက်နေရတာ ဘာမှမရဘူး၊ မျိုးစပါးတောင်ပြန်မရဘူး၊ လပွတ္တာအောက်ပိုင်းလေ ကိုယ်တင်မဟုတ်ဘူး၊ ဘယ်သူမှ မရဘူး။"

လယ်လုပ်ငန်းမကောင်းလို့ ဆားလုပ်ငန်းဘက် လှည့်ပြန်တော့လည်း လွန်ခဲ့တဲ့လက မိုးဖျက်တာကြောင့် ဆားထွက်နည်းသွားတယ်လို့လည်း အဲဒီဒေသခံကပြောပါတယ်။ ဘိုကလေးမြို့နယ် မိန်းမလှကျွန်းမှာ နာဂစ်မုန်တိုင်းကြောင့် ပြုန်းသွားတဲ့ သစ်တောတွေက သစ်ပင်အကျိုးတွေကို မီးသွေးဖုတ်တော့လည်း ဒေသခံစစ်တပ်ကို ပေးကမ်းရ စက်လှေဂိတ်တွေမှာ တန်ဆာခတွေတိုးပေးနေရတာတို့ကြောင့် မီးသွေးဈေးထိုးကျသွားချိန်မှာ လုပ်အားခလောက်ပဲ ပြန်ရတယ်လို့ ဘိုကလေးဒေသခံ မီးသွေးကုန်သည်တဦးက ပြောပါတယ်။ လောင်စာဆီဈေး တဂါလံ ကျပ် ၆,၀၀၀ ကနေ ၂,၀၀၀ အထိ ကျသွားပေမဲ့ ကဒ်၊ ရော ဒေသမှာ စက်လှေခတွေမကျတာကြောင့် ခရီးသွားတွေရော၊ ဈေးသည်၊ ကုန်သည် လေးတွေပါ အခက်ကြုံနေတယ်လို့ အဲဒီ မီးသွေးကုန်သည်က ပြောပါတယ်။

"အားလုံးကတော့ ယာဉ်အသင်းရဲ့ဥက္ကဋ္ဌလက်အောက်မှာပေါ့၊ အသင်းဥက္ကဋ္ဌကလည်း စားရသောက်ရပြီး ငြိမ်နေတာပဲ။ သုံးနာရီလောက်သွားရတာ မောင်းရတဲ့ဟာကို ၂,၀၀၀ လောက် တောင်းတယ်။ တကယ်တန်တာက ၄၀၀–၅၀၀ ပဲတန်တယ်။ စီးရင်စီး မစီးရင်နေ၊ သူ့တစီးနှစ်စီးပဲ ရှိတယ်။"

လောင်စာဆီဈေးကျပေမယ့် စက်လှေစီးခဈေးကြီးပြီး ခရီးသည်တွေ မတန်တဆတင်နေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရေယာဉ်လုပ်ငန်းရှင်များအသင်းကို ဆက်သွယ်မေးမြန်းတော့ တာဝန်ကျက မရေမရာဖြေပါတယ်။

# ဒေါ်စုအကြောင်းတရုတ်ရုပ်သံမှထုတ်လွှင့်

**Irrawaddy ၊ မတ်လ ၂၇ ။** ။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် ရုပ်မြင်သံကြားအစီအစဉ်က နေအိမ်အကျယ်ချုပ်ကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အကြောင်း ရှားရှားပါးပါးထုတ်လွှင့်သွားခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂ၏လုပ်ငန်းအဖွဲ့တဖွဲ့ဖြစ်သော ဂျနီဗာအခြေစိုက် တရားမဲ့ ဖမ်းဆီးထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းအဖွဲ့ (WGAD) ၏ ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်ချထားခြင်းသည် မြန်မာပြည်တွင် ဥပဒေများနှင့်ညီညွတ်ခြင်းမရှိကြောင်း မကြာသေးခင်က ကြေညာချက်အပေါ်အခြေခံ၍ အဆိုပါရုပ်မြင်သံကြားအစီအစဉ်က ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံများနှင့်တကွ သတင်းထုတ်ပြန်ခြင်းဖြစ်သည်ဟု တရုတ်–မြန်မာနယ်စပ်ဒေသခံများ ကပြောပါသည်။

မြန်မာ့အရေးလေ့လာသူများက တရုတ်သတင်းဌာနတခု၏ယခုလုပ်ရပ်သည် မြန်မာအတိုက်အခံခေါင်းဆောင်တဦးကို တရုတ်အာဏာပိုင်များအနေနှင့် အသိအမှတ်ပြုသည့်လက္ခဏာတရပ်ကိုပြဆိုကြောင်း ပြောပါသည်။ အဆိုပါရက်များအတွင်း မြန်မာနိုင်ငံသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာညွှန်ကြားရေးမှူး Mr.Stephen Blake ရောက်ရှိနေပြီး စစ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ရာ အမေရိကန်နှင့် မြန်မာအစိုးရ ဆက်ဆံရေးပိုမိုကောင်းမွန်လာမည်ကို တရုတ်တို့စိုးရိမ်မှုရှိခြင်းကြောင့် ယခုကဲ့သို့ ရုပ်သံ အစီအစဉ်မှပြသခြင်းဖြစ်နိုင်သည်ဟု လေ့လာသူများက ပြောဆိုကြပါသည်။

စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံ ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်လုံခြုံမှုကာကွယ်ရေးဥပဒေဖြင့် ထိန်းသိမ်းထားခြင်းဖြစ်သည်။ ဤဥပဒေပြဋ္ဌာန်းချက်အရဆိုလျှင် နိုင်ငံတော်အချုပ်အခြာအာဏာတည်မြဲရေးနှင့် လုံခြုံရေးကိုထိပါးနှောင့်ယှက်သူများ၊ ပြည်သူလူထု၏ငြိမ်းချမ်းတည်ငြိမ်မှုကို နှောင့်ယှက်သူများကို ၅ နှစ်အထိ ထိန်းသိမ်းထားနိုင်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ ခုနှစ်၊ မေလတွင်ဖြစ်ပွားခဲ့သော ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုအပြီးမှစတင်၍ နေအိမ်အကျယ်ချုပ်ဖြင့် အထိန်းသိမ်းခံနေရသည်မှာ ၅ နှစ်ကျော်ပြီဖြစ်လာပြီး လာမည့် မေလ ၂၄ ရက်ဆိုလျှင် ၆ နှစ်ပြည့်ပြီဖြစ်ပါသည်။

# မြို့ကြီးများတွင် HIV ကူးစက်သူများ

**DVB ၊ မတ်လ ၂၁ ။** ။ မြန်မာနိုင်ငံက ပြည့်တန်ဆာအမျိုးသမီးတွေအနက် လားရှိုးနဲ့ မန္တလေးမြို့တို့မှာ HIV အများဆုံးတွေ့ရှိတယ်လို့ ကျန်းမာရေးစစ်တမ်းကောက်တဲ့ လူမှုဝန်ထမ်းတွေနဲ့ နီးစပ်သူတဦးက ပြောပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO နဲ့ နအဖ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး National AIDS Program ခုခံအားကျရောဂါတိုက်ဖျက်ရေး အမျိုးသားစီမံချက်အရ စစ်တမ်းကောက်ရာမှာ ဒီလိုတွေ့ရှိတာလို့ စစ်တမ်းကောက်ယူရာမှာပါဝင်တဲ့ လူမှုဝန်ထမ်းတွေနဲ့နီးစပ်သူ မန္တလေးသားတဦးက ပြောပါတယ်။ ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မုံရွာ၊ တောင်ကြီးစတဲ့ မြို့ကြီးတွေက ပြည့်တန်ဆာ အမျိုးသမီးတွေနဲ့ မူးယစ်ဆေးထိုးရာမှာ ဆေးထိုးအပ်သုံးသူတွေကို ၂ လကြာ စစ်တမ်းကောက်တာလို့ဆိုပါတယ်၊ လူမှုဝန်ထမ်းတွေက စစ်တမ်းကောက်ရာမှာ မန္တလေးက လမ်းမတွေပေါ်မှာတွေ့ရတဲ့ ပြည့်တန်ဆာတွေနဲ့ ပြည့်တန်ဆာအိမ်တွေ၊ တည်းခိုခန်းတွေရှိ ပြည့်တန်ဆာအမျိုးသမီးတွေပါဝင်တယ်လို့ပြောပါတယ်။ ကူးစက်နှုန်းလျော့ကျအောင် ဆောင်ရွက်မယ့် အစီအစဉ်တွေတော့ မရှိသေးဘူးလို့ စစ်တမ်းကောက်သူတွေနဲ့ နီးစပ်သူက ပြောပါတယ်။ မန္တလေးမှာစားသောက်ဆိုင်၊ ဟိုတယ်၊ အနှိပ်ခန်း စတဲ့နေရာတချို့ဟာ ပြည့်တန်ဆာလုပ်ငန်းနေရာတွေဖြစ်နေတာတွေ့ရတယ်လို့ ဒေသခံစာရေးဆရာတဦးက ပြောပါတယ်။

"ရိုးရိုးအနှိပ်ခန်းတွေရှိတယ်၊ ငှားရင် ၅,၀၀၀ လောက်ရှိမယ်။ တဆင့်ကျော်လာရင် တသောင်း နှစ်သောင်းအထက်ရှိတယ်။ ကာရာအိုကေ နောက်ထွက်တာတွေလည်း အများကြီး။ အခန်းထဲမှာ နှစ်ယောက်တည်းဆိုလို့၊ ကြည့်လို့ ရတာတွေ ရှိတယ်။ အဲဒီလိုအခန်းတွေထဲမှာ မိန်းကလေးတယောက်ကို ခေါ်လိုက်မယ်ဆိုရင် ပွင့်ပွင့်လင်းလင်းပြောမယ်ဆိုရင် ဖက်ရမ်းပြီးတော့ သီချင်း အတူတူဆိုမယ်၊ အဲ့ဒီအထဲမှာပဲ ရေချိုးခန်းတွေ အိပ်သာတွေရှိတယ်၊ နောက်တဆင့်တက်ချင်ရင်လည်းတက်မှာပေါ့ဗျာ။"

မန္တလေးမြို့မှာ နိုင်ငံတကာ အန်ဂျီအိုတွေ၊ အိတ်ချ်အိုင်ဗွီကူးစက်ထားသူတွေနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့တွေအပါအဝင် လင်းရောင်ခြည်၊ ဂျွန်းပလီ၊ ရတနာ့မေတ္တာစတဲ့လူမှုရေးအဖွဲ့တွေက HIV-AIDS ကာကွယ်ရေးလုပ်ငန်းနဲ့ပြုစုစောင့်ရှောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေတယ်လို့ စုံစမ်းသိရှိရပါတယ်။

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိ အတိုက်အခံနိုင်ငံရေးပါတီဝင်များအစိုးရတာဝန်ရှိသူနဲ့ တွေ့ဆုံ

**VOA ၊ မတ်လ ၂၅ ။** ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဒေသဆိုင်ရာအရာရှိတဦး မြန်မာနိုင်ငံကနိုင်ငံရေးအခြေအနေတွေကို အကဲခတ်ဘို့အတွက် အတိုက်အခံနိုင်ငံရေးပါတီဝင်များ၊ အစိုးရတာဝန်ရှိသူများနဲ့တွေ့ဆုံရင်း မြန်မာနိုင်ငံမှာရောက်ရှိနေပါတယ်။

နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်ာအာရှရေးရာညွှန်ကြားရေးမှူး ဖြစ်တဲ့ Stephen Blake ဟာ ဒီကနေ့ဆိုရင် ရန်ကုန်မြို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုကော်မတီဝင်တွေနဲ့ ဌာနချုပ်မှာတွေ့ဆုံခဲ့ပါတယ်။ တနာရီကြာတွေ့ဆုံမှုအတွင်း မြန်မာနိုင်ငံကမပြေလည်နိုင်သေးတဲ့ နိုင်ငံရေးပြဿနာတွေနဲ့ ပတ်သက်လို့ အပြန်အလှန်ဆွေးနွေးဖြစ်ခဲ့ကြတယ်လို့ NLD ပါတီကပြောပါတယ်။

ဒါဟာဆိုရင် မကြာသေးခင်တုန်းကဘဲ အာရှတိုက်ကိုခရီးထွက်လာရင်း မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒတွေကို ပြန်ပြောင်းသုံးသပ်စဉ်းစားနေတယ်လို့ ပြောဆိုလိုက်တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ရဲ့ခရီးစဉ်နောက်ပိုင်း အမေရိကန်အစိုးရအရာရှိတဦး မြန်မာနိုင်ငံကိုသွားပြီး စစ်အစိုးရနဲ့ရော အတိုက်အခံနိုင်ငံရေးအင်အားစုတွေနဲ့ပါ တွေ့ဆုံမှုတခုလည်းဖြစ်ပါတယ်။ NLD ပါတီပြောခွင့်ရသူဦးဉာဏ်ဝင်းကတော့ မြန်မာ့နိုင်ငံရေးအခြေအနေနဲ့ အမေရိကန်အစိုးရရဲ့သဘောထားတွေကို အပြန်အလှန်ဆွေးနွေးဖြစ်တယ်လို့ပြောဆိုပါတယ်။

“နိုင်ငံရေးအခြေအနေအရ NLD က ဘာတွေလုပ်နေတယ်၊ ဘာတွေဖြစ်နေတယ်လို့ ကျနော်တို့ကပြောတယ်။ သူတို့ဘက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြောခဲ့တဲ့ကိစ္စတွေကိုရှင်းပြတယ်။ နောက်ထပ်နည်းလမ်းသစ်တွေကိုရှိတုန်းဘဲ။ ဘယ်တော့ဖြစ်မယ်ဆိုတာတိတိကျကျတော့မပြောနိုင်ဘူး၊ ဒါတွေဘဲပြောတာပါ။ ကျနော်တို့ဘက်က CEC ၇ ယောက်၊ ဦးဝင်းတင်၊ ဦးခင်မောင်ဆွေ၊ ဦးညွန့်ဝေ၊ ဦးသန်းထွန်းဦး၊ ဦးလှဖေ၊ ဦးစိုးမြင့်၊ နောက် ပြန်ကြားရေးအနေနဲ့ ကျနော်ရယ် ဦးဟန်သာမြင့်ရယ် ဒေါက်တာသန်းငြိမ်းတို့ပါပါတယ်။ သူ့ခရီးစဉ်က အာဆီယံနိုင်ငံတွေဖြစ်တဲ့ လာအို၊ ဗီယက်နမ် သူတို့နဲ့သက်ဆိုင်တဲ့ကိစ္စတွေမို့ သူလာချင်တာကြာပြီပေ့ါ။ အခု အခွင့်အရေးရတုန်းလာတယ်၊ ဒါပါဘဲ။”

လာမယ့်နှစ်မှာရွေးကောက်ပွဲကလုပ်တော့မှာမို့ နိုင်ငံရေးရပ်တည်ချက်တွေမျိုးကိုရော ပြောဆိုဆွေးနွေးတာတွေရှိပါသလား…

“ဟုတ်ပါတယ်၊ အဲဒီရပ်တည်ချက်တွေလည်းဆွေးနွေးတယ်၊ ကျနော်တို့ရဲ့ရပ်တည်ချက်က ရွေးကောက်ပွဲကိစ္စကို အာဂျင်တာထဲမှာမထည့်ရသေးဘူး၊ အဓိကထားနေတာက ကျနော်တို့တောင်းဆိုထားတဲ့အခြေခံဥပဒေကို ပြန်လည်သုံးသပ်ဘို့ဘဲ။ ဒါဟာသိပ်အရေးကြီးတယ်။ လောလောဆယ် ဦးစားပေးစဉ်းစားနေတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးပြုပြင်ပြောင်းလဲတာတွေ ဘာမှမရှိရင်တော့ ကျနော်တို့အတွက်စဉ်းစားဆုံးဖြတ်ရတာ အခက်အခဲတွေရှိမယ်။ သို့သော် ဆုံးဖြတ်ရမှာဘဲလို့ဆွေးနွေးခဲ့ပါတယ်။ သူတို့အမေရိကန်အနေနဲ့ ဆောင်ရွက်ဘို့အကြံပြုချက်တွေရှိရင်လည်း အကြံပြုချက်တွေလည်းလိုချင်ပါတယ်လို့ ဆွေးနွေးသွားပါတယ်။ ကျနော်တို့အမြင်ချင်းဖလှယ်လို့ရတယ်၊ သူတို့နိုင်ငံကြီးတွေအနေနဲ့ သူတို့အမြင်တွေကိုကြားရတာကို အမြဲတမ်းကြိုဆိုတယ်၊ ပိုပြီးတော့လည်းကျနော်တို့နိုင်ငံရေးအခြေအနေကို စဉ်းစားသုံးသပ်လို့ရတာပေ့ါ။”

တနင်္ဂနွေနေ့ကတည်းက မြန်မာနိုင်ငံမှာရောက်နေတဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိ Stephen Blake ဟာ ဒီနေ့ခရီးစဉ်အဆုံးသတ်ဘို့ရှိတယ်လို့ ရန်ကုန်မှာရှိတဲ့ အမေရိကန်သံရုံးကပြောပါတယ်။ အင်္ဂါနေ့မှာတုန်းကတော့ သူဟာ အစိုးရရုံးစိုက်ရာ နေပြည်တော်ကိုသွားရောက်ပြီး စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းနဲ့တွေ့ဆုံခဲ့ပြီး ဒီတွေ့ဆုံမှုနဲ့ပတ်သက်ပြီး အစိုးရပိုင်သတင်းတွေမှာတော့ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနဲ့ အကျိုးတူကိစ္စရပ်တွေကို ဆွေးနွေးတယ်လို့သာ ဖော်ပြခဲ့တာတွေ့ရပါတယ်။

တကယ်တော့ မြန်မာစစ်အစိုးရဟာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေတယ်၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက်ဆောင်ရွက်ဘို့မှာ ပျက်ကွက်မှုတွေရှိနေတယ်ဆိုပြီးတော့ စီးပွားရေးအရပိတ်ဆို့ဒဏ်ခတ်အရေးယူမှုတွေကို ခံနေရပါတယ်။

Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

**PRINTED MATTER**